ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ စနေနေ့၊ (15-10-2005) (၄၇၄၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသည့် ရှန်းကြိူး-၆ ဂြိုဟ်တုအား အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အကပြိုင်ပွဲ

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်(ခ)ဖြိုးဖြိုး ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ဆိုင်းအတီး ယှဉ်ပြိုင်

အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီး ပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်နိုင်ဇာလင်း ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်များ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

အဆိုပြိုင်ပွဲ

အဆင့်မြင့် ပညာအဆင့် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မထက်ထက်မွန် ပြိုင်ပွဲဝင်စဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၄

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဒုတိယနေ့ အစီအစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပကြရာ လာရောက်ကြည့်ရှု နားသောတဆင်အားပေးကြသူများဖြင့် အထူးစည်ကား သိုက်မြိုက်လျက်ရှိသည်။

ယင်းသို့ ကျင်းပကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အရေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်းချီကျောင်း၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးပြိုင်ပွဲ၏ တယောပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇ ဇာတ်ရုံ၌လည်းကောင်း အသီးသီးကျင်းပကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၁၀-၂၀၀၅
(စနေနေ့)

အမျိုးသားရေးစွမ်းအား ပိုမိုထက်မြက် ခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် ပါဝင်ကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် သမိုင်းအစဉ်အလာ ကြီးမားပြီး ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသည်။ အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေး စရိုက်လက္ခဏာများကို မြန်မာ့သမိုင်း အဦးအစကာလမှသည် ယနေ့ထက်တိုင် အခိုင်အမာ မော်ကွန်းထိုးထားနိုင်ခဲ့ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများနှင့် အမျိုးသားရေးဥပဓိရုပ်တို့ ခံ့ခံ့ထည်ထည်ဖြစ်တည်နေခြင်းသည် ယင်းနိုင်ငံနှင့် လူမျိုး၏ သမိုင်းကြောင်းအစဉ်အလာခိုင်မာမှု၊ ယဉ်ကျေးမှုအဆင့် အတန်းမြင့်မားထည်ဝါမှုတို့ကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတကာအလယ်တွင် နိုင်ငံနှင့်လူမျိုး ထည်ထည်ဝါဝါ ရပ်တည်နိုင်ကြရန် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် နိုင်ငံသားတိုင်းက အလေးထားထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာ့အတွေးအမြင်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်သွားကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲများမှတစ်ဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များ၏ အဆီအနှစ်များနှင့် အမျိုးသားရေးအနှစ်သာရ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာ၏ ရသဂုဏ်မြောက်မှုများကို ယနေ့လူငယ်လူရွယ်များ ပိုမိုသိမြင်ခံစားလာနိုင်ကြမည်ဖြစ်သည်။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၃ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် **မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့ရဲ့ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှု၊ မျိုးရိုးဂုဏ်ရှိန်ထည်ဝါမှုနဲ့ ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ခံစားသိမြင်စေခြင်းအားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထာဝရနိုးကြားထက်သန်စေပြီး အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်မယ့် အမျိုးသားရေးစွမ်းအား ပိုမိုထက်မြက်ခိုင်မာစေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ** ဟူ၍ အနုပညာရှင်များအား တိုက်တွန်းပြောကြားသွားသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲဖြစ်ထွန်းမှုများနှင့်အတူ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အသုံးပြု၍ ယဉ်ကျေးမှုတံခါးပေါက်၊ စီးပွားရေးတံခါးပေါက်များမှတစ်ဆင့် တိုင်းတစ်ပါး ယဉ်ကျေးမှုများ အလုံးအရင်းနှင့် စိမ့်ဝင်ထိုးဖောက် ဝင်ရောက်လျက်ရှိသည်။

ယင်းသို့သော အခြေအနေတွင် ရုပ်ရှင်၊ ဂီတ၊ စာပေယဉ်ကျေးမှု နယ်ပယ်အရပ်ရပ်တွင် ဂလိုဘယ်လိုက်ဇေးရှင်း အရေခြုံပြီး ထိုးဖောက်လွှမ်းမိုးလာသည့် သရုပ်ပျက်ဓလေ့စရိုက်များကို မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနယ်ပယ်တွင် စွန်းထင်းစွဲထင် မကျန်ရစ်စေရန် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးစွမ်းအားဖြင့် တားဆီးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် မျိုးဆက်သစ်လူငယ်များ အပါအဝင် တိုင်းရင်းသားပြည်သူများ ဇာတိသွေး ဇာတိမာန်မြင့်မားပြီး အမျိုးသားရေးစွမ်းအား ပိုမိုထက်မြက်ခိုင်မာလာရေးအတွက် အနုပညာရှင်များအားလုံးက မိမိတို့၏ အနုပညာစွမ်းပကားဖြင့် ပါဝင်ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို ၊ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်၊ တိုင်းအုပ်ချုပ်ရေးမှူးများ၊ တွဲဖက်ပြည်နယ်၊ တိုင်းအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ ယခင်အစည်းအဝေးက ချမှတ်ပေးလိုက်သောရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်၍ အားနည်းချက်များကို အားသာချက်များဖြစ်လာအောင် ပြုပြင်၍ တိုးတက်အောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ပြည်နယ်/တိုင်း အုပ်ချုပ်ရေးမှူးများသည် ဒေသအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသည့် ပြည်နယ်/ တိုင်းများ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးကဏ္ဍအားလုံး၏ အခြေအနေအရပ်ရပ်ကို သိရှိနားလည်၍ တိုးတက်မှုရှိအောင် ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရေး၊ နယ်မြေလုံခြုံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရေး၊ ခိုးခြစ်ချေတာရေးနှင့် အလေအလွင့် မရှိအောင် ထိန်းသိမ်းရေးတို့ကို အထူးအလေးပြု ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများ၏ ဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်းနှင့် မြေလွတ် မြေလပ်များကိုလည်း အကျိုးရှိရှိ အသုံးချသွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ပြည်နယ်/ တိုင်းအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ပြည်နယ်/ တိုင်းအုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၃၄၄၆၃)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **တစ်ဘဝသာသနာကျမ်းပြုဆရာတော်၏ သာသနာတစ်ဘဝ အပိုင်း(၅)**
၈:၃၀ ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် -"ရှည်လျားဘဝသံသရာ"**
၉:၃၀ ၁၁။ အပိတ်နှုတ်ဆက်စကား
၉:၃၁ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနှာဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -The Study of Proposition II. (ပထမနှစ်-ဒဿနိကဗေဒ)**
၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုး ဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၂၈)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **English Premier League ဘောလုံးပွဲ Middlesbrough Vs Portsmouth.**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

မဟာသိမ်တော်ကြီးဓမ္မာရုံ၌ တရားတော်များ ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းရှိ မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ ရက် (တနင်္လာနေ့)ည ၇ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးနှင့် စီမံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြီးမှဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးအတွက် ပညာပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များကို CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက် ငါးမြို့နယ် ပဝါရဏာပွဲနှင့် ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ဒိုက်ဦး၊ ဝေါ၊ ကဝ၊ သနပ်ပင်၊ ပဲခူး ငါးမြို့နယ် အရညဝါသီရွှေကျင်နိကာယ သံဃာတော်များ (၁၄၁)ကြိမ် ပဝါရဏာပွဲနှင့် သိမ်ဆင်းဆွမ်းကြီးလောင်းလှူပွဲကြီးကို ၁၃၆၇ ခုနှစ် သီတင်းကျွတ် လဆန်း ၁၅ ရက်၊ အောက်တိုဘာ ၁၇ ရက် (တနင်္လာနေ့)တွင်လည်းကောင်း (၅၆) ကြိမ်မြောက် ဘုံကထိန်ပွဲကြီးကို အောက်တိုဘာ ၂၃ရက် (တနင်္ဂနွေနေ့) တွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်သည်။ (က-ပ)

မင်္ဂလာဈေးမိသားစု ဘုံကထိန်သင်္ကန်းလှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၄

မင်္ဂလာ ဈေးသူ၊ ဈေးသား မိသားစု အလှူရှင် ၈၀ ကျော် စုပေါင်း၍ ၁၃၆၇ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁ရက်၊ နိုဝင်ဘာ ၁၈ ရက် (အင်္ဂါနေ့) တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်)တွင် သင်ကြားစီမံနှင့် စာသင်သား သံဃာတော် အပါး ၄၆၀ တို့အား ပထမအကြိမ် မဟာဘုံကထိန်သင်္ကန်းလျာဆက်ကပ်လှူဒါန်းပွဲအား ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ပြီး အလှူရှင်များ ကိုယ်တိုင် ကပ်လှူပူဇော် ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)



ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ သင်တန်းများဆင်းပွဲ အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၄/၂၅) သင်တန်းများဆင်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။**(အပေါ်ဝဲပုံ)**

ယင်းသင်တန်းများ ဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဧည့်သည်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းများဆင်းပွဲတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက သင်တန်းဆင်းအမှာစကား ပြောကြားပြီး စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၄)တွင် စံပြထူးချွန်ဆုရရှိသော သင်တန်းသူ ဒေါ်ခိုင်ခိုင်ညွန့် (ဌာနခွဲစာရေး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့)အားလည်းကောင်း၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၅)တွင် စံပြထူးချွန်ဆုရရှိသော သင်တန်းသူ ဒေါ်ခင်ဆွေဦး (ဦးစီးအရာရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်) အားလည်းကောင်း ဆုများကို ချီးမြှင့်၍ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၄/၂၅) သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များသို့ ပေးအပ်သည်။ (သတင်းစဉ်)

တောင်ကြီးကောလိပ် ကျောင်းသား၊ ကျောင်းသူများ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒီဇင်ဘာ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် Y.M.C.A ခန်းမ၌ အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်ပါသည်-

အလှူငွေ ပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း- ၃၇၄၈၅၀၊ ၀၉၅၁-၁၈၅၆၂၊ ဦးသာညွှန့် ဖုန်း- ၂၉၄၁၂၈၊ ၀၉၈၀-၃၃၄၄၆၊ ဦးစိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း- ၅၇၉၃၉၃၊ ဦးမောင်မောင်လေး ဖုန်း- ၀၉၅၀-၁၇၁၀၉၆၊ ဦးအုံးကျော် ဖုန်း- ၅၇၈၃၁၆၊ ဒေါ်စွမ် ဖုန်း-၂၂၃၂၅၊ ၂၂၃၇၁၈၊ ဒေါ်မေမေတင် ဖုန်း- ၇၀၈၅၃၃၊ ဒေါ်ချိုမာရီ ဖုန်း- ၇၂၅၄၂၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း- ၅၃၅၂၉၀၊ ဒေါ်နယ်လီထွန်း (မန္တလေး) ဖုန်း- ၀၂-၃၁၉၈၉၊ ဦးဝင်းလွင်-ဒေါ်မိမိချမ်း(တောင်ကြီး) ဖုန်း- ၀၈၁-၂၁၇၂၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေပြည်ဟိန်းဆရာတော် တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၄

စစ်ကိုင်းတောင်ရိုး ရွှေကျင်ကျောင်းနှင့် ရန်ကုန်မြို့ ရွှေပြည်ဟိန်းကျောင်း ပဓာနနာယက (သီတဂူကြာတစ်ပွင့်) ပိဋကတစ်ပုံခွဲဆောင် နိုင်ငံတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာ သိရီလင်္ကာရသည် သီတင်းကျွတ် လဆန်း ၁၄ ရက် ညတွင် ဗဟန်းမြို့နယ် ဆရာစံတောင် မြလမ်း ဆွမ်းလောင်းအသင်း၏ ဓမ္မပူဇာသဘင်၌လည်းကောင်း၊ သီတင်းကျွတ်လဆန်း ၁၅ ရက်တွင် စမ်းချောင်း မြေနီကုန်းဓမ္မာရုံ၌လည်းကောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ညတွင် မန္တလေးမြို့ ချမ်းသာရ ထုံးကုန်းကိုးလုံးဒကာဘုရားပွဲ ဓမ္မသဘင်၌လည်းကောင်း တရားဟောကြားမည်ဖြစ်ပြီး တရားပွဲနှင့်စပ်လျဉ်း၍ ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။(က-ပ)

အောက်တိုဘာ၁၄ ရက်က ရန်ကုန်ကလေးဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ရေသန့်စက် နှစ်လုံး၊ ECG စက် တစ်လုံး၊ အောက်ဆီဂျင်ပေးစက် တစ်လုံး၊ တန်ဖိုးငွေကျပ် ၂၁ သိန်း ခုနှစ်သောင်းကို ဒေါက်တာနိုင်ထွဋ်အောင် - ဒေါက်တာ ဝေဝေရင် မိသားစုက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးကိုယ်စား ပါမောက္ခ/ဌာနမှူး ဒေါက်တာ အေးမောင်ဟန်နှင့် ပါမောက္ခ ဒေါက်တာမြမြအုန်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပရာ ဆဋ္ဌမတန်းထူးချွန်ဆုရ မောင်မျိုးမင်းထိုက်အား ကျောင်းအုပ်ဆရာကြီး ဦးရွှေသိန်း ဆုချီးမြှင့်စဉ်။ (က-ပ)

ပိဋကတ်သုံးပုံစာအုပ်များရိုက်နှိပ်ရန် အလှူတော်ငွေပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် အလှူရှင် ဦးစိုးသိန်း မန်နေဂျင်းဒါရိုက်တာ (ခနအောင်ကုမ္ပဏီလီမိတက်) ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး) တို့က ပိဋကတ်သုံးပုံစာအုပ်များရိုက်နှိပ်ရန်အတွက် အလှူငွေကျပ် ၁၈သိန်းကို အောက်တိုဘာ ၁၁ ရက်က အစည်းအဝေးခန်းမတွင် ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မျိုးမြင့်က လက်ခံရယူသည်။ (၅၂၉)

ကန်သမ္မတ ဘုရှ်အား ထောက်ခံမှု နှုန်းကျဆင်း လူထု သဘောထားစစ်တမ်းတွင် ဖော်ပြ

ဝါရှင်တန် အောက်တိုဘာ ၁၃

အမေရိကန်သမ္မတ ဂျော့ချ်၊ဘုရှ်၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ထောက်ခံမှုနှုန်းထားသည် ၃၉ ရာခိုင်နှုန်းအထိ နောက်ထပ် ကျဆင်းရကြောင်း အင်ဘီစီသတင်းဌာနနှင့် ဝေါစထရိဂျာနယ်က ကောက်ယူထားသည့် လူထုသဘောထား စစ်တမ်းအရ ဗုဒ္ဓဟူးနေ့တွင် သိရှိရသည်။

သမ္မတဘုရှ်အား ထောက်ခံမှုသည် စက်တင်ဘာလလယ်ကရှိသည့် ၄၀ ရာခိုင်နှုန်းအောက်သို့ ကျသွားခဲ့ကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

သဘောတူညီခြင်းမရှိ

သမ္မတဘုရှ်တွင်နိုင်ငံခြားရေး စိန်ခေါ်မှုများ မကြာမီ ရက်သတ္တပတ်များ အတွင်း တစ်ပုံတစ်ပင် ရှိနေခဲ့သည်။ သမ္မတဘုရှ်က ကက်ထရီနာမုန်တိုင်း ပြဿနာအပေါ် ကိုင်တွယ်ဖြေရှင်းမှု၊ ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်မှုနှင့် နိုင်ငံတော်တရားသူကြီးချုပ်ရာထူးတွင် ဟက်ရီရေ့မီးယားစ်အားစာရင်းတင်သွင်း မှုအပေါ် ကွန်ဆာဗေးတစ်အမတ်များက သဘောတူညီခြင်းမရှိမှုကြောင့် ဝေဖန်မှုများသောသောညံလျက်ရှိသည်။

ထင်မြင်

မီးယားစ်သည် အမေရိကန် တရားသူကြီးချုပ် ရာထူးအတွက် စွမ်းရည်ပြည့်သည်ဟု ၂၉ ရာနှုန်းသော ပြည်သူလူထုက ထင်မြင်နေကြပြီး ၂၄ ရာနှုန်းကမူ ၎င်းသည် စွမ်းရည်ပြည့်ဝမှု မရှိဟု ထင်မြင်လျက်ရှိကာ ၄၆ ရာခိုင်နှုန်းသော ပြည်သူလူထုက ၎င်းနှင့် ပတ်သက်၍ အနည်း အကျဉ်းမျှသာ သိရှိကြသည်ဟု စစ်တမ်းတွင် ဖော်ပြထားသည်။

၂၀၀၆ ခုနှစ်တွင် ကွန်ဂရက် ရွေးကောက်ပွဲများ အမေရိကန်တွင် ကျင်းပတော့မည်ဖြစ်ရာ ၄၈ ရာခိုင်နှုန်းသော ပြည်သူလူထုက ဒီမိုကရက်များ ထိန်းချုပ်သည့် အောက်လွှတ်တော်ကို ပိုမိုသဘောကျပြီး ၃၉ ရာခိုင်နှုန်းသော ပြည်သူများက ရီပတ်ဘလီကင်၏ ဦးဆောင်မှုအား လိုလားနေသည်ဟု အမ်ဘီစီ စစ်တမ်းတွင်ပါရှိသည်။

ယင်းစစ်တမ်းကို အရွယ်ရောက်ပြီးသူ ၈၀၇ ဦး အားစနေနေ့မှတနင်္လာနေ့ အထိ မေးမြန်းကောက်ယူခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် လုံခြုံရေးများ တင်းကျပ်ထားသည့်ကြားမှ အောက်တိုဘာ ၁၃ ရက်က ဘာကူဘာမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သောနေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် သာသနာပြုအဖွဲ့များ သူလျှိုလုပ်ဖွယ်ရှိ နိုင်ငံအတွင်းမှထွက်ခွာရန် သမ္မတချာဗက်ဇ်ညွှန်ကြား

ကာရာကတ်စ် အောက်တိုဘာ ၁၃

အမေရိကန်ပြည်ထောင်စုအတွက် သူလျှိုပြုလုပ်သည်ဟု သင်္ကာမကင်းခံရသော သာသနာပြုအဖွဲ့များအားလုံး နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဗုဒ္ဓဟူးနေ့တွင် ညွှန်ကြားလိုက်သည်။

မိမိသည် အထိမ်းအမှတ် အခမ်းအနားများသို့ တက်ရောက်နေစဉ်တွင် သာသနာပြုအဖွဲ့ တစ်ဖွဲ့က အမေရိကန်ပြည်ထောင်စုထံသို့ မဟာဗျူဟာအရ အရေးပါသော သတင်းအချက်အလက်များကို ပေးပို့ခဲ့ကြောင်း ဗင်နီဇွဲလား နိုင်ငံတောင်ပိုင်း အပူရာပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် သမ္မတချာဗက်ဇ်က ပြောကြားသည်။

အမြတ်ထုတ်

အမေရိကန် ဇပဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)နှင့် အဆိုပါ သာသနာပြုအဖွဲ့တို့က မိမိတို့နိုင်ငံ အတွက် မဟာဗျူဟာအရ အရေးပါသော သတင်းအချက်အလက်များကို အမေရိကန်အစိုးရထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ မိမိတို့၏ နယ်မြေများတွင် နေထိုင်သော အင်ဒီးယန်းတိုင်းရင်းသားတို့ပေါ်မှ အမြတ်ထုတ်ရန် ၎င်းတို့ လုပ်ဆောင်နေကြောင်းသမ္မတချာဗက်ဇ်က ပြောကြားသည်။

မိမိတို့နိုင်ငံအတွင်း လှုပ်ရှားနေသော ပြည်ပ သာသနာပြုအဖွဲ့များသည် လျှပ်စစ်ကိရိယာများ၊ ကြိုးမဲ့ဆက်သွယ်ရေးကိရိယာများကိုသာမက အကောက်ခွန်ဌာန၏ စစ်ဆေးမှုမှ ရှောင်လွှဲနိုင်စေရေးအတွက် ၎င်းတို့၏ လေယာဉ်များဆင်းသက်နိုင်ရန် ကိုယ်ပိုင်လေယာဉ်ကွင်းငယ်များကိုပင်လျှင်အသုံးပြုနေကြကြောင်း သမ္မတ ချာဗက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ကနေဒါ၊ အမေရိကန်နှင့် စပိန်ရဲတို့ ပူးပေါင်း မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းအား ဖြိုခွင်း

အော့တဝါ အောက်တိုဘာ ၁၃

ကိုကင်းမူးယစ်ဆေးဝါးတစ်တန်ကို စပိန်နိုင်ငံအတွင်းသို့ မှောင်ခိုသွင်းရန် ကြိုးပမ်းခဲ့သည့် နိုင်ငံတကာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရေး ဂိုဏ်းတစ်ဂိုဏ်းကို ကနေဒါ၊ အမေရိကန်နှင့် စပိန်နိုင်ငံများမှ ရဲတပ်ဖွဲ့တို့က ဖြိုခွင်းခဲ့သည်။

ကျက်စား

စပိန်နိုင်ငံတွင် လွန်ခဲ့သည့်လက ပြုလုပ်သည့် စစ်ဆင်ရေးအတွင်း ကနေဒါနိုင်ငံသား လေးဦးကို ဖမ်းမိနိုင်ခဲ့ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းသည် နယ်သာလန်၊ ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်နှင့် ကနေဒါ နိုင်ငံတို့တွင် ကျက်စားနေဖွယ်ရှိသည်ဟု တော်ဝင်ကနေဒါရဲတပ်ဖွဲ့က ထုတ်ပြန်သည့် သတင်းလွှာတွင် ဖော်ပြထားသည်။

အမေရိကန်မှုခင်းဥပဒေစိုးမိုးရေးအဖွဲ့က ယခုနှစ် မေလမှစတင်၍ ယင်းကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံ အခြေစိုက်ရာဇဝတ်ဂိုဏ်းက စပိန်နိုင်ငံသို့ ကိုကင်းမူးယစ် ဆေးဝါး တင်သွင်းရန် ကြိုးပမ်းနေသည့် သတင်းများကို အဆိုပါအဖွဲ့က ရရှိခဲ့သည်ဟု တော်ဝင်ကနေဒါ ရဲတပ်ဖွဲ့သတင်းရပ်ကွက်အား ကိုးကား၍ သတင်းလွှာတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့က ကနေဒါနိုင်ငံသားများနှင့် ကိုကင်းမူးယစ်ဆေးဝါးကီလို ၁၀၀၀ သယ်ဆောင်သည့် မော်တော်ဘုတ်ကို စပိန် ကမ်းလွန်ဒေသတွင် လွန်ခဲ့သည့်ကြာသပတေးနေ့ကဖမ်းဆီးခဲ့သည်။ ငွေကြေး အများအပြားနှင့် ကွန်ပျူတာ ကိရိယာများကိုလည်း တစ်ပါတည်းဖမ်းဆီးရမိခဲ့သည်။

အသက် (၅၅) နှစ်ရှိ သင်္ကာမကင်းဖြစ်ရသည့် မူးယစ်ဂိုဏ်းသား တစ်ဦးဖြစ်သူ အမ်အမ်ဆိုသူသည် ကနေဒါနိုင်ငံတွင်အရေးပါသည့် မူးယစ်ဆေးဝါး ဖောက်ကားသူတစ်ဦး ဖြစ်သည်ဟု စပိန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန် ငလျင်ဒုက္ခသည်များအား ကူညီရန် ကယ်ဆယ်ရေးပစ္စည်းများ ချက်နိုင်ငံ ပေးပို့

ပရာဟာ အောက်တိုဘာ ၁၃

ချက်အစိုးရအဖွဲ့သည် မြေငလျင်ဘေးဒဏ်ခံ ပါကစ္စတန်နိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု ကူညီရေးပစ္စည်းများနှင့်အတူ ဆရာဝန်များ ပါဝင်သော ၁၅ဦးအဖွဲ့ကို စေလွှတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗစ်ကိုလာက အောက်တိုဘာ ၁၁ရက်တွင်ပြောကြားသည်။

ထိုအဖွဲ့တွင် အရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာ ဆရာဝန်များနှင့် မီးသတ်သမားများ ပါဝင်သည်။

ပေးပို့

တီယူ-၁၅၄ အမျိုးအစားလေယာဉ်ဖြင့် အလေးချိန် ၁၂ တန်ရှိ ကူညီထောက်ပံ့ရေးပစ္စည်းများကို ငလျင်ဒဏ်ခံခဲ့ရသော ပါကစ္စတန်နိုင်ငံသို့ ပေးပို့လိုက်သည်။ ထိုပစ္စည်းများမှာ ခွဲစိတ်သုံးပစ္စည်း ကိရိယာများ၊ ပိုးသတ်ဆေးများ၊ ဆေးဝါးများ၊ ရေဆူဆေးပြားများ၊ အိပ်ရာလိပ်များနှင့် စည်သွတ်ဘူးတို့ဖြစ်သည်။

စဉ်းစားထား

ထိခိုက်ဒဏ်ရာရရှိသူများအား ကျွမ်းကျင်စွာ ကုသနိုင်သော အဖွဲ့ကိုလည်း ငလျင်ဒုက္ခသည် စခန်းများသို့စေလွှတ်မည်ဖြစ်ပြီး ငလျင်လှုပ်ခဲ့သော ဒေသများရှိ ရေ့တန်းဆေးရုံများသို့ ဆေးဝါးကုသရေးအဖွဲ့ဝင်များကိုစေလွှတ်ရန်လည်း စဉ်းစားထားကြောင်း ကိုလာက ပြောကြားသည်။

ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများအတွက် ချက်နိုင်ငံက အမေရိကန်ဒေါ်လာတစ်သန်း ကျခံသုံးစွဲမည် ဖြစ်သည်။ ငလျင်ဒဏ်ခံခဲ့ရသောဒေသများသို့ ချက်နိုင်ငံက အကူအညီများ ထပ်မံပေးနိုင်ရေးအတွက် အောက်တိုဘာ ၁၂ ရက်တွင် အစိုးရအဖွဲ့က ဆွေးနွေးမှုပြုလုပ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့သို့ ကန်နိုင်ငံခြားရေး ဝန်ကြီး မရောက်မီ ဒုံးကျည် ကျရောက်ပေါက်ကွဲခဲ့သော နေရာကို အပေါင်းပါ တပ်ဖွဲ့ဝင်တစ်ဦး အောက်တိုဘာ ၁၂ ရက်က ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် စတန်လေမုန်တိုင်းတိုက်ခတ်မှု လူ ၄၂ ဦး သေဆုံးကြောင်း သမ္မတရုံးက အတည်ပြု

မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၃

မက္ကဆီကိုနိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က စတန်လေမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၄၂ ဦး သေဆုံးခဲ့သည်ဟု မက္ကဆီကိုသမ္မတရုံးက ဗုဒ္ဓဟူးနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

မုန်တိုင်းဒဏ် ဆိုးရွားစွာခံခဲ့ရသည့် မက္ကဆီကိုတောင်ပိုင်း ပြည်နယ်ချီရာပါတွင် လူ ၂၉ ဦး သေဆုံးခဲ့သည်ဟု တရားဝင်စာရင်းဇယားများအရ သိရှိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်စရာ အတော်များများ ကျန်ရှိနေသေးကြောင်း၊ ပြည်သူလူထုအနေဖြင့် နေထိုင်စားသောက်ရေးအတွက် အခြေခံပစ္စည်းများ ဆက်လက်လှူဒါန်းကြရန် သမ္မတဗင်းဆင့်ဖောက်စ်က ကြက်ခြေနီအဖွဲ့ ပစ္စည်းကောက်ခံရေးဌာနသို့ သွားရောက်ကြည့်ရှုလေ့လာရင်း ပြောကြားခဲ့သည်။

စတန်လေမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှု ဒဏ်ခံခဲ့ရသည့် ထောင်ချီရှိသည့် လူများအတွက် တန် ၁၉၀ ရှိ ဆေးဝါးပစ္စည်းများ၊ သောက်ရေ၊ စောင်နှင့် အခြားပစ္စည်းများ ကောက်ခံပေးမှုကြောင့် ကြက်ခြေနီအဖွဲ့အား ကျေးဇူးတင်ရှိသည်ဟု သမ္မတက ပြောကြားသွားသည်။ ရက်သတ္တပတ် အနည်းငယ်အတွင်း နေရာထိုင်ခင်းများ ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တသီးတခြားစီ ဖြစ်နေသည့် ကျေးလက်ဒေသများတွင် လူသားချင်းစာနာထောက်ထားရေး အကူအညီပေးမှု လိုအပ်နေကြောင်း ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နှင့်အင်ဒိုနီးရှား ကိုယ်စားလှယ်များ တွေ့ဆုံ ကုန်သွယ်ရေးသဘောတူညီမှုကိစ္စ ဆွေးနွေး

တိုကျို အောက်တိုဘာ ၁၃

နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု (အက်ဖ်တီအေ)အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက်တွင် စတင်ခဲ့ကြသည်။

အင်ဒိုနီးရှား သံအမတ်ပောင်းနှင့် ကိုယ်စားလှယ် ၁၅၀ ခန့်သည် ဂျပန်နိုင်ငံသို့ ရောက်ရှိလာပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး မီတိုဂျီယုဘူနာထာနှင့် လေးရက်ကြာ ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသောကိစ္စများကို နှစ်နိုင်ငံပူးပေါင်း ဆွေးနွေးကြမည်ဖြစ်သည်။

လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုအတွက် နှစ်နှစ်တစ်ကြိမ် ဆွေးနွေးပွဲကျင်းပရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြပြီး ပထမအကြိမ် ဆွေးနွေးပွဲကို ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သည်။ နှစ်နှစ်ထက်စော၍ ညှိနှိုင်းဆွေးနွေးခြင်း ပြီးဆုံးမည်ဖြစ်သည်ဟု နှစ်နိုင်ငံမှ တာဝန်ရှိသူများက ပြောကြားသည်။

ပထမအကြိမ်အက်ဖ်တီအေဆွေးနွေးပွဲကို ဂျကာတာတွင် ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲ၌ ယာဉ်များနှင့် ကားအစိတ်အပိုင်းပစ္စည်းများတွင် အခွန်လျှော့ချရေး သို့မဟုတ် အခွန်ကင်းလွတ်ခွင့်ပြုရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများကို အင်ဒိုနီးရှားသို့ ဂျပန်နိုင်ငံက ရှင်းလင်းပြောကြားခဲ့သည်ဟု ကျိုဒိုသတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

ဂျပန်နိုင်ငံသို့ အသားနှင့် နို့ထွက်ပစ္စည်းများ တင်ပို့ရာတွင် ရောဂါကင်းရှင်းကြောင်း ဂျပန်နိုင်ငံက အသိအမှတ်ပြုရန် အင်ဒိုနီးရှားနိုင်ငံက တောင်းဆိုခဲ့သည်ဟု ကျိုဒိုသတင်းဌာနကထုတ်လွှင့်သည်။ အင်ဒိုနီးရှားနိုင်ငံတွင်းရှိ အခြားသဘာဝ အရင်းအမြစ်များနှင့် ဆီများ သန့်ရှင်းမှုကိစ္စများတွင် ဂျပန်နိုင်ငံသည် ဂျကာတာမြို့ရှိ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကက်ရှ်မီးယားဒေသမှ ငလျင်ဒုက္ခသည်များထံသို့ကယ်ဆယ်ရေးအကူအညီပစ္စည်းများ သယ်ယူပေးပို့နေကြသော ပါကစ္စတန် တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုလံဘီယာနိုင်ငံတွင် ရဟတ်ယာဉ်ပျက်ကျ တွဲဖက် ရဟတ်ယာဉ်မှူး သေဆုံး

ဘိုဂိုတာ အောက်တိုဘာ ၁၃

ရဟတ်ယာဉ်တစ်စီး ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ပျက်ကျသွားသဖြင့် စီးနင်းလိုက်ပါလာသူ တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပျက်ကျ

အဆိုပါ ရဟတ်ယာဉ်သည် စတင်ပျံသန်းစဉ် အတက်တွင် ဗင်နီဇွဲလားနိုင်ငံနှင့် နယ်စပ်ထိစပ်သည့် ချင်နာကိုတာမြို့တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဒေသခံသတင်းအရ သိရှိရသည်။

တွဲဖက်ရဟတ်ယာဉ်မှူး ပွဲချင်းပြီးသေဆုံးခဲ့ပြီး ရဟတ်ယာဉ်မှူးတစ်ဦးနှင့် ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အနီးရှိ ဆေးရုံတွင် ၎င်းတို့အား တင်ထားရသည်။

အသုံးပြု

ပျက်ကျသွားခဲ့သည့် ရဟတ်ယာဉ်သည် ဘဏ်တိုက်မှငွေများ သယ်ယူရာတွင် အသုံးပြုသည့် ရဟတ်ယာဉ်ဖြစ်ပြီး ပျက်မကျမီ ငွေသယ်ယူပို့ဆောင်သည့်လုပ်ငန်းကို ပုံမှန်ဆောင်ရွက်ခဲ့သည်။

စုံစမ်းစစ်ဆေး

ကိုလံဘီယာရဲတပ်ဖွဲ့က ယင်းဖြစ်ရပ်အား စုံစမ်းစစ်ဆေးနေပြီး ရဟတ်ယာဉ်မှာ စက်ပျက်မှုကြောင့် ပျက်ကျခြင်းဖြစ်သည်ဟု ပြောကြားသည်။ သို့ရာတွင် နောက်ထပ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားတုန်ပြည်နယ်တွင် မီးလောင်မှုဖြစ်ပွား

ဂျီနန် အောက်တိုဘာ ၁၃

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ပိုင်းဒေသတွင် အောက်တိုဘာ ၁၀ ရက်ညက မီးလောင်မှုဖြစ်ပွားရာ လူ ၁၀ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ရှန်တုန်ပြည်နယ် ဝေဟိုင်မြို့ ကမ်းခြေရှိ လျှပ်စစ်ဆိုင်ရာပစ္စည်းများ သိုလှောင်ထားသောအိမ်၏ ဒုတိယထပ်တွင် အောက်တိုဘာ ၁၀ ရက် ည ၉ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆောက်အအုံ၏ လေးထပ်သို့ ကူးစက်သွားသည်။ နှစ်ထပ်ရှိ ပြတင်းပေါက်တံခါးအားလုံးနှင့် မျက်နှာကြက်များလည်း ပြုတ်ကျကုန်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်။ မီးကို တစ်နာရီကြာမှ ငြိမ်းသတ်ခဲ့ရသည်။

မီးလောင်မှု ဖြစ်ပွားရာနေရာတွင် လူလေးဦးသေဆုံးခဲ့ပြီး အခြားလူခြောက်ဦးသည် ဆေးရုံတွင် အရေးပေါ်ကုသမှုများ ပြုလုပ်နေစဉ် သေဆုံးခဲ့သည်။ မီးလောင်ရခြင်း၏ အကြောင်းရင်းကို ဆက်လက်စုံစမ်းနေဆဲဖြစ်သည်ဟု သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်နိုင်ငံသားများ ရေဘေးအန္တရာယ် အလေးမမူ ကိုတင်ကာကွယ်မှုမရှိဟု သဘာဝပတ်ဝန်းကျင်ဌာနက ပြောကြား

လန်ဒန် အောက်တိုဘာ ၁၃

ဗြိတိန်နိုင်ငံတွင် မကြာသေးမီနှစ်များအတွင်း ရေလွှမ်းမိုးမှုဘေးဒဏ်ကြောင့် ဒုက္ခခံစားခဲ့ကြရသော်လည်း ရေလွှမ်းမိုးမှုအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသများတွင်နေထိုင်သူ ဗြိတိန်နိုင်ငံသား အများစုသည် ကြိုတင်ကာကွယ်မှု အစီအစဉ်များ ပြုလုပ်မှုမရှိခဲ့ကြကြောင်း သဘာဝပတ်ဝန်းကျင်ဌာနက (အက်ဖ်အေ) ဗုဒ္ဓဟူးနေ့တွင် သတိပေးပြောကြားလိုက်သည်။

ဒေါ်လာသန်းချီတန်ဖိုးရှိသည့် နေရာများတွင် နေထိုင်သူ လူငါးသန်း၏ အိုးအိမ်များမှာ ရေလွှမ်းမိုးမှုဘေးအန္တရာယ်ရှိသော ဒေသများတွင် တည်ရှိနေကြောင်း၊ သို့ရာတွင် ထိုအန္တရာယ်ကို ၄၀ရာနှုန်းရှိ လူများမှာ သတိပြုမိခြင်းမရှိကြကြောင်း အက်ဖ်အေ သုတေသနစစ်တမ်းအရ သိရသည်။

ဗြိတိန်နိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ပွားပုံကို ဆူနာမီပင်လယ်လှိုင်းနှင့် ကက်ထရီနာမုန်တိုင်း အန္တရာယ်နည်းတူ သတိမူခြင်းမရှိခဲ့ကြောင်း၊ ယခုအခါ မိုးအလွန်အမင်း ရွာသွန်းမှုနှင့် ကမ်းရိုးတန်းတစ်လျှောက် ရေကြီးလာမှု စသည့် ထူးခြားသည့် ရေလွှမ်းမိုးမှုအန္တရာယ်သည် ဆက်လက်တည်ရှိနေကြောင်း စသည့် အက်ဖ်အေ အမှုဆောင် အကြီးအကဲ ဘာဆရာယန်းက ပြောကြားသည်။

ရင်ဆိုင်

ဗြိတိန်နိုင်ငံသည် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုပြဿနာ အချို့နှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ဗြိတိန်နိုင်ငံတစ်ဝန်း ဒေသ ၇၀၀ ကျော် လေမုန်တိုင်းဒဏ်ခံခဲ့ရပြီး ရေလွှမ်းမိုးမှုကြောင့် အိမ်ခြေ ၁၀၀၀၀ ပျက်စီးခဲ့ရသည်။

ယင်းဘေးဒုက္ခကြောင့် ငွေကြေးခန့်မှန်းခြေအားဖြင့် ပေါင် ၁ ဒသမ ၃ ဘီလီယံကျော် ဆုံးရှုံးခဲ့သည်ဟု ဖော်ပြပါအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့ရှိ ကြက်ငှက်များ ရောင်းချသော ဈေးအတွင်းသို့ သယ်ယူလာသည့် ကြက်ငှက်များအား ရောဂါပြန့်ပွားမှုမဖြစ်စေရန် ပိုးသတ်ဆေးဖျန်းနေသည်ကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ စစ်ပွဲအပြီးကြုံရမည့် ဆူပူမှုများ အစီရင်ခံခဲ့ ဘုရှ်အစိုးရက အလေးမထားဘဲ စစ်ဆင်နွှဲခဲ့ဟုဆို

ဝါရှင်တန် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံကို အမေရိကန်တို့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခြင်းမပြုမီက ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)ကတင်ပြခဲ့သော အစီရင်ခံစာတွင် စစ်ပြီးကာလ၌ ကြုံတွေ့စရာရှိသည့် အီရတ်ပြည်တွင်းအုပ်စုများ၏ မငြိမ်မသက် ဆူပူလှုပ်ရှားမည့် အခြေအနေများကို သတိပေးဖော်ပြသည့် သုံးသပ်ချက်များ ပါရှိသည်။ သို့သော်ဘုရှ် အစိုးရသည် ထိုအချက်အလက်များကို အလေးမထားဘဲ စစ်ပွဲဝင်ခဲ့ခြင်းဖြစ်ကြောင်း နောက်ဆုံးထုတ်ပြန်သောစီအိုင်အေ၏ ၂၀၀၄ ခုနှစ် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရမူဝါဒချမှတ်သူများသည် အထက်ဖော်ပြပါ သုံးသပ်ချက်များကို သတိပြုဆင်ခြင်ရမည့်အစား စီအိုင်အေ၏ အီရတ်နိုင်ငံနှင့်ပတ်သက်သည့် လက်နက် ထုတ်လုပ်ရေးပိုင်းဆိုင်ရာ ဖော်ပြချက်များကိုသာ အာရုံစိုက်ကာစဉ်းစားဆုံးဖြတ်ခဲ့ကြ ပြီး ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်ကျူးကျော်စစ်ကိုဆင်နွှဲခဲ့ကြသည်။

နောက်ပိုင်းတွင် အီရတ်၌ ရှိသည်ဆိုသော လက်နက်များကိစ္စမှာ လုံးဝမှားယွင်း နေကြောင်းသိရှိလာကြရပြီး စီအိုင်အေ၏ အီရတ်ရှိလူမျိုးစုများ၏ စစ်ပြီးကာလ အခြေအနေ သုံးသပ်ချက်များမှာ မှန်ကန်ကြောင်းဖြင့် တွေ့လာကြရသည်။ အထက်ဖော်ပြပါအချက်အလက်များကို စီအိုင်အေ၏ သုံးလတစ်ကြိမ် ထုတ်နောက်ဆုံး မဂ္ဂဇင်းတွင် ဖော်ပြထားသည်။ ထိုထောက်လှမ်းရေးလေ့လာချက်များကို စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ဂျော့ဂျ်တင်းနက်က စီစဉ်ပြုစုခဲ့ခြင်းဖြစ်သည်။ အီရတ်၏ ဖျက်အားပြင်းလက်နက်များနှင့် ပတ်သက်၍ မှားယွင်းစွာ ဖော်ပြမိသည့်အတွက် ဝေဖန်မှုများကြောင့် ၎င်းသည် ယမန်နှစ်ကစီအိုင်အေအဖွဲ့မှ နုတ်ထွက်ခဲ့ရသည်။

ဘုရှ်အုပ်ချုပ်ရေးအဖွဲ့က အီရတ်စစ်ပွဲပြီးချိန်တွင် အီရတ်လူမျိုးများက ကန်တို့ကို လွတ်မြောက်အောင် ကယ်တင်သူများအဖြစ် ဝမ်းပန်းတသာ ကြိုဆိုကြလိမ့်မည်။ ပြည်တွင်းဆန့်ကျင်မှုများမှာလည်း ကန်တပ်ဖွဲ့များကို ခြိမ်းခြောက်နိုင်မည့် အခြေအနေမရှိဟု မှားယွင်းစွာ ယူဆခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာချေးပြည်နယ်တွင် အင်အားပြင်း ငလျင်လှုပ် ထိခိုက်ပျက်စီးမှု မသိရှိရ

ဂျကာတာ အောက်တိုဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ အောက်တိုဘာ ၁၁ ရက် ညနေပိုင်းက အင်အား ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ရှားသွားခဲ့ရာ ဒေသခံပြည်သူများ ရတ်ရတ်သဲသဲ ဖြစ်သွားခဲ့ပြီး ဒဏ်ရာရရှိမှု၊ ပျက်စီးမှုသတင်းများ မသိရသေးဟု မိုးလေဝသအေဂျင်စီက အောက်တိုဘာ ၁၂ ရက် နံနက်တွင် သတင်းထုတ်ပြန်သည်။

ဘန်ဒါအာချေးပြည်နယ် အနောက်တောင်ဘက် ကီလိုမီတာ ၉၀ အကွာ ပင်လယ် ရေမျက်နှာပြင်အောက် ၃၃ ကီလိုမီတာခန့်ရှိ မြောက်လတ္တီကျူ ၄ ဒသမ ၇ နှင့် အရှေ့လောင်ဂျီကျူ ၉၅ ဒသမ ၂ နေရာကို ဗဟိုပြု၍ ဒေသစံတော်ချိန် ည ၁၀ နာရီ ၅ မိနစ်ခန့်တွင် ငလျင်လှုပ်သွားခဲ့သည်ဟု ဝီဂျာရန်ထို မိုးလေဝသနှင့် ဘူမိ-ရူပ အေဂျင်စီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆူနာမီလှိုင်း ကပ်ဘေးဆိုက်ရောက်မှုကို တွေ့ကြုံခဲ့ရဖူးသော ပြည်သူများသည် ယခုငလျင်လှုပ်မှုကြောင့် ရတ်ရတ်သဲသဲ ဖြစ်ခဲ့ကြရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

“ကောင်းကျိုးဖြစ်စေလိုတဲ့ စေတနာစကားနှင့် ဆိုးကျိုးဖြစ်စေလိုတဲ့ ဝေဒနာစကား” ခွဲခြားဆင်ခြင်သိစေချင်

အောင်သူမိုး (မြင်းခြံ)

စာရေးသူတို့ နေထိုင်တဲ့ ရပ်ကွက်ထဲမှာ ဓမ္မာရုံကြီးတစ်ခုရှိပါတယ်။ ယခင်ဓမ္မာရုံဂေါပကလူကြီးတွေဟာ လတ်တလောကျင်းပတဲ့ ဘာသာရေးပွဲ အခမ်းအနားကို ပြီးလျှင်ပြီးရော သဘောထားကြပြီး ရန်ပုံငွေ စုဆောင်းဖို့၊ ရေရှည်တိုးတက်စည်ပင်ဖို့ အလေးမထားခဲ့ကြပါ။ တစ်နှစ်တစ်ခါ ဂေါပကလူကြီးအသစ် ရွေးချယ်ပွဲ အစည်းအဝေးကျင်းပတိုင်း ငွေကြေးစာရင်းဇယားနှင့် ပတ်သက်ပြီး ငြင်းကြခုန်ကြ ခိုက်ရန်ဖြစ်ကြနဲ့ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စိတ်မချမ်းမြေ့စရာ ဖြစ်ခဲ့ရပါတယ်။

ယခုတော့ တစ်နှစ်တစ်ခါ ဂေါပကရွေးချယ်ပွဲ မလုပ်တော့ဘဲ စာရေးသူ အပါအဝင် ခြောက်ဦးလောက်နဲ့ ငါးနှစ်တိုင်တိုင် စနစ်တကျ စည်းကမ်းရှိရှိ ထိန်းထိန်းသိမ်းသိမ်းနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုးတက်ပြောင်းလဲလာပြီး ရန်ပုံငွေ သိန်းနဲ့ချီ စုဆောင်းနိုင်ခဲ့ပါတယ်။ အစကနဦးမှာ ပုတ်ခတ်တိုက်ခတ်မှု၊ မလိုတမာ စွပ်စွဲမှုနဲ့ အကြမ်းဖက် ဝင်ရောက်နှောင့်ယှက်မှုတွေ ကြုံရပေမယ့် ဓမ္မာရုံကြီး စည်ပင်တိုးတက် လာတာကို ဒိဋ္ဌတွေ့မြင်လာတဲ့အခါ ဟန့်တားနှောင့်ယှက်မှုတွေ အလိုလို ပျောက်ကွယ်သွားခဲ့ပါတယ်။ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေဟာလည်း ဘာသာရေးပွဲတော်တွေမှာ တပျော်တပါး ဆင်နွှဲနိုင်ကြပြီး သက်ကြီးရွယ်အိုများဟာလည်း စိတ်အေးချမ်းသာစွာ တရားဘာဝနာ ပွားများအားထုတ်လာနိုင်ကြပါတယ်။

မြန်မာနိုင်ငံရဲ့ အနေအထားဟာလည်း အထက်ပါ ဥပမာအတိုင်း တစ်ထပ်တည်း ဖြစ်နေတယ်မဆိုလိုပါ။ သို့သော် မိမိနိုင်ငံရဲ့ ပကတိရုပ်ဘဝ အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး အမှန်တရားအတိုင်း ဆောင်ရွက်နိုင်ဖို့တော့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်း ၁၀၀ ကျော် အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့ လက်အောက်ခံဘဝ ကျရောက်ခဲ့ရပြီး စက်မှုစီးပွား ခေတ်နောက်ကျ ကျန်ခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတာနဲ့ တစ်ပြိုင်နက် ရောင်စုံသူပုန်ထမှုကြောင့် ပြည်တွင်းသောင်းကျန်းမှုဟာ နှစ်ပေါင်း ၄၀ နီးပါး လောင်မြိုက်ခဲ့ရပြီး ကုန်လုပ်စွမ်းအားစုတွေဖြစ်တဲ့ ဓနဉစ္စာ စည်းစိမ်တွေ၊ စက်ရုံအလုပ်ရုံတွေ၊ ပြည်သူများရဲ့ အသက်အိုးအိမ်တွေများစွာ ဆုံးရှုံးပျက်စီးခဲ့ရပါတယ်။ **“ကုန်လုပ်စွမ်းအားစုတွေ တိုးတက်မှု၊ ဆုတ်ယုတ်မှုနဲ့အညီ ကုန်လုပ်ဆက်ဆံရေးတွေဟာ လိုက်ပါပြောင်းလဲကြတယ်”**လို့ သိပ္ပံနည်းကျ နိုင်ငံရေးဘောဂဗေဒတရားက ဆိုထားတဲ့အတိုင်း ကုန်လုပ်စွမ်းအားစုတွေ အင်အားဆုတ်ယုတ်သွားသလို ကုန်လုပ်ဆက်ဆံရေး ဖြစ်တဲ့ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစတာတွေအားလုံး အင်အားချည့်နဲ့ သွားပါတော့တယ်။

၁၉၆၂ ခုနှစ် နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ထူထောင်ပြီး တစ်ပါတီစနစ်နဲ့ ဗဟိုချုပ်ကိုင် စီးပွားရေးလမ်းစဉ်အမှားကို ချခင်းမိလို့ နိုင်ငံရေး၊စီးပွားရေး အကျပ်အတည်းတွေ ကြီးထွားလာပြီး ၁၉၈၈ ဆူပူအုံကြွမှု ဖြစ်တဲ့အထိ ဆိုက်ရောက်ခဲ့ရပါတယ်။ ၎င်းအရေးအခင်းကာလမှာ အုပ်ချုပ်မှု ကင်းမဲ့ပြီး သူတစ်လူ၊ ငါတစ်မင်းနဲ့ အုပ်စုဖွဲ့ သတ်ဖြတ်လုယက်၊ မီးရှို့စတဲ့ ပရမ်းပတာဖြစ်မှုတွေကြောင့် လွတ်လပ်တဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မယ့် အခြေအနေကို တပ်မတော်ဟာ လက်ပိုက်ကြည့်မနေနိုင်ဘဲ နိုင်ငံတော် အုပ်ချုပ်မှုအာဏာကို ဝင်ရောက်ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုက်ရပါတယ်။ နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်ကို ယူလိုက်တာနဲ့တစ်ပြိုင်နက် နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေကိုပါ ပခုံးပြောင်းတာဝန်ယူခဲ့ရတယ်ဆိုတာ အားလုံး အသိပဲဖြစ်ပါတယ်။

အရေးအခင်းကာလမှာ ပြည်သူတွေက ပါတီစုံဒီမိုကရေစီနဲ့ စီးပွားရေး တံခါးဖွင့်ဝါဒကို တစ်ခဲနက်တောင်းဆိုခဲ့ကြသလို တပ်မတော်အစိုးရကလည်း ဒီမိုကရေစီထွန်းကားရေးသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေ နိုင်ကြောင်း ခံယူထားတာဖြစ်လို့ ပြည်သူနဲ့တပ်မတော်ရဲ့ သဘောထားဟာ တစ်ထပ်တည်း ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော် အာဏာကို ရယူပြီး တာနဲ့တစ်ပြိုင်နက်ဒီမိုကရေစီ အခြေခံအုတ်မြစ်တွေ (Infrastructure) အခိုင်အမာ တည်ဆောက်ပေးမှုနဲ့အတူ အပေါ်ထပ်အဆောက်အအုံ (Superstructure) ဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စတာတွေကို ဟန်ချက်ညီညီ တိုးတက်အောင် ဖော်ဆောင်နေတယ် ဆိုတာ ဒိဋ္ဌ မြင်တွေ့နေရပါတယ်။ ယခင်အစိုးရအဆက်ဆက် မလုပ်နိုင်တဲ့ တိုင်းရင်းသားလက်နက်ကိုင် (၁၇) ဖွဲ့နဲ့ ငြိမ်းချမ်းရေးယူပြီး နိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသပါမကျန် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

ဒီလိုဖြစ်ပေါ်ပြောင်းလဲမှုတွေကို နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံအရ တစိုက်မတ်မတ် သုံးသပ်လေ့လာခဲ့ကြတဲ့ ဂျော့ဂျ်တောင်းတက္ကသိုလ် ပါမောက္ခ ဒေးဗစ်စတိုင်းဘတ်၊ ပါမောက္ခ ဂျွန်ဘတ်ရှ်လေ၊ စင်ကာပူနိုင်ငံမှ နိုင်ငံရေး ပညာရပ်ဆိုင်ရာ ပါမောက္ခ ဦးကျော်ရင်လှိုင်နဲ့ ပညာရှင် မော်တင်ပီတာဆင်တို့ဟာ ၂၀၀၄ ခုနှစ် မတ်လ ၂၅ ရက်နေ့က ဝါရှင်တန်မှာ “အမေရိကန်နဲ့ မြန်မာ ဆက်ဆံရေး”အပေါ် သုံးသပ်တဲ့ ဟောပြောပွဲကို တက်ရောက်ကြပြီး အမေရိကန် အစိုးရရဲ့ ပိတ်ဆို့အကျပ်ကိုင် အရေးယူမှုတွေဟာ မြန်မာနိုင်ငံပြည်သူတွေအပေါ် ဆိုးကျိုးကိုသာဖြစ်စေပြီး အပြုသဘောမဆောင်ကြောင်း၊ ဒီမိုကရေစီ ဖော်ဆောင်ရေးကိုလည်း အထောက်အကူပြုမှာ မဟုတ်ကြောင်း အထောက်အထားများနဲ့ ဆွေးနွေးတင်ပြသွားခဲ့ကြပါတယ်။

၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက်နေ့မှာ (EU)ဥရောပသမဂ္ဂ ကော်မရှင် အတွက် မြန်မာ့အရေးကျွမ်းကျင်သူ ရောဘတ်တေလာနဲ့ မော်တင်ပီတာဆင် တို့အား မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ထွန်းလာစေရန် ကူညီပံ့ပိုးသွားရေးတွင် ကြုံတွေ့ရမယ့်အခက်အခဲများနဲ့ အခွင့်အလမ်းများ အစီရင်ခံစာ တင်သွင်းစေခဲ့ရာ ၎င်းတို့တင်ပြချက်များမှ အကျဉ်းချုပ် ကောက်နုတ်တင်ပြရလျှင်–

အရေးအခင်းကာလမှာ ပြည်သူတွေက ပါတီစုံဒီမိုကရေစီနဲ့ စီးပွားရေးတံခါးဖွင့်ဝါဒကို တစ်ခဲနက်တောင်းဆိုခဲ့ကြသလို တပ်မတော်အစိုးရကလည်း ဒီမိုကရေစီထွန်းကားရေးသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေနိုင်ကြောင်း ခံယူထားတာဖြစ်လို့ ပြည်သူနဲ့တပ်မတော်ရဲ့ သဘောထားဟာ တစ်ထပ်တည်းဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်အာဏာကို ရယူပြီးတာနဲ့ တစ်ပြိုင်နက် ဒီမိုကရေစီ အခြေခံအုတ်မြစ်တွေ (Infrastructure) အခိုင်အမာ တည်ဆောက်ပေးမှုနဲ့အတူ အပေါ်ထပ်အဆောက်အအုံ (Superstructure) ဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စတာတွေကို ဟန်ချက်ညီညီ တိုးတက်အောင် ဖော်ဆောင်နေတယ်ဆိုတာ ဒိဋ္ဌ မြင်တွေ့နေရပါတယ်။

“မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး အထမြောက် အောင်မြင်စေဖို့ရာ ဥရောပသမဂ္ဂအနေနဲ့ အောက်ပါဆောင်ရွက်မှုတွေ ပြုသင့်တယ်လို့ အဆိုပြုချင်ပါတယ်–

၁။ အစိုးရက တရားဝင်သုံးစွဲနေတဲ့ နိုင်ငံရဲ့အမည်ကို လက်ခံသုံးစွဲပါ။
၂။ အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များနဲ့ ဆက်ဆံရေးပြုလုပ်နိုင်ဖို့ရာ ဥရောပသမဂ္ဂရဲ့ အဆင့်မြင့် အရာရှိပိုင်းက ပုံမှန်ကူးလူးဆက်ဆံမှုကို ပြန်လည်ထူထောင်ပါ။
၃။ အရေးယူဒဏ်ခတ်မှု ကျင့်သုံးတာကို ပြန်လည်သုံးသပ်ပါ။ လက်တွေ့အလုပ်ဖြစ်နိုင်မယ့် ဦးတည်ချက်တွေ၊ အပြန်အလှန် လက်တွဲဆောင်ရွက်နိုင်မယ့်ကိစ္စတွေကို ဦးစားပေးပါ။
၄။ နိုင်ငံမှာ အသစ်ပေါ်ပေါက်ဖြစ်ထွန်းမှု (New Institutions) တွေကို အားပေးအားမြှောက်ပြုပါ၊ အချိန်ကျလာရင် သူတို့ဟာ ပြုပြင်ပြောင်းလဲရေးကို ဖန်တီးမယ့် လွတ်လပ်တဲ့ကိုယ်စားလှယ်တွေ ဖြစ်လာပါလိမ့်မယ်။

ဒါ့အပြင် ရောဘတ်တေလာနဲ့မော်တင်ပီတာဆင်တို့က အကူအညီပေးရေးနဲ့ ပတ်သက်လို့လည်း–

၁။ ဥရောပသမဂ္ဂကော်မရှင်နဲ့ အဖွဲ့ဝင်နိုင်ငံများဟာ စုပေါင်းမတည် ထည့်ဝင်တဲ့ အကူအညီပေးရေး စီမံချက်တစ်ရပ်ကို ထူထောင်သင့်ပါတယ်။
၂။ အဆိုပါ ကူညီရေးစီမံချက်ကို ဥရောပသမဂ္ဂရဲ့ လမ်းညွှန်ချက်များနဲ့အညီ အကောင်အထည်ဖော်သွားနိုင်ဖို့ရာ အကြီးတန်း ဥရောပသမဂ္ဂ ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်တာဝန်ပေးပါ။
၃။ အကူအညီပေးရေးကို ထိန်းချုပ်ထားတဲ့ နိုင်ငံရေးအဟန့်အတားတွေကို ပယ်ဖျက်ပေးပါ။ အကူအညီပေးမှုကို အကောင်အထည်ဖော်ရာတွင် အခြေခံစီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေအပေါ် အာရုံစိုက်သလို ဆင်းရဲတွင်းနက်မှုမှ ကယ်တင်ရေးနဲ့ အခြေခံခိုင်မာတဲ့ ဖွံ့ဖြိုးရေးတွေအတွက် အရေးပါတဲ့ သော့ချက်နယ်ပယ်များ အပေါ်မှာလည်း အာရုံစိုက်စေလိုပါတယ်။
၄။ စီးပွားရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြှင့်တင်ဖို့ရာ နိုင်ငံအတွင်း နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ ပုံမှန်ဆောင်ရွက်လာစေနိုင်ဖို့ကို အားပေးပါ။
၅။ အစိုးရတာဝန်ရှိသူ ဝန်ထမ်းများ၊ နိုင်ငံအတွင်းက စီးပွားရေး ပညာရှင်များ ကွပ်ကဲတဲ့ စီးပွားရေး၊ ပြုပြင်ပြောင်းလဲရေး စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရေးကို အားပေးပါ။ အကူအညီ လိုအပ်ချက်တွေဟာ ဘာတွေလဲဆိုတာ သိသာထင်ရှားအောင် ဖော်ထုတ်ပါ။

“ပြီးခဲ့တဲ့ ၂၅ နှစ်အတွင်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို နိုင်ငံ ၈၈ နိုင်ငံက ကြိုးစားခဲ့ရာ ၁၂ နိုင်ငံဟာ တစ်ပါတီစနစ်ဘက်သို့ နောက်ကြောင်းပြန်လှည့်သွားတာ တွေ့ရပါတယ်။ မြန်မာ့အိမ်နီးနားချင်း နိုင်ငံတွေမှာ ရွေးကောက်ပွဲတွေ ကျင်းပပေးနေပေမယ့် တည်ဆဲအစိုးရ ဦးဆောင်ပုဂ္ဂိုလ်များ သိသာစွာ ပြောင်းလဲမှုမရှိခဲ့ပါ။ ရွေးကောက်ပွဲကျင်းပနေရုံနဲ့လည်း လူထုအများစုရဲ့ လိုလားတဲ့ ဆန္ဒတွေကို ကိုယ်စားပြုမယ့် အစိုးရပေါ်ပေါက်လာမယ်လို့ အတိအကျ မပြောနိုင်ပါ။

“မြန်မာနိုင်ငံ ဒီမိုကရေစီထူထောင်ရေးဟာ ရေရှည်ကြိုးပမ်းရမယ့် အလုပ်ဆိုတာ ဥရောပသမဂ္ဂအနေနဲ့ အသိအမှတ်ပြုရပါမယ်။ ဒါကို ပြောင်းလဲခံယူရင် မိမိရဲ့ ဦးတည်ချက်လုပ်ငန်းစဉ်တွေကိုလည်း ပြင်ဆင်ရပါမယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တပ်မတော်အစိုးရဟာ မြန်မာနိုင်ငံအရေး ဖြေရှင်းရာမှာ အင်အားစုတစ်ရပ် ဖြစ်တယ်ဆိုတာ လက်ခံရပါလိမ့်မယ်။ အဲဒီလို နားလည်သဘောပေါက်ပြီး လက်တွဲလုပ်ကိုင်နိုင်မှု မရှိရင်တော့ ဥရောပသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ ဦးတည်ချက်တွေ၊ လူသားချင်းစာနာမှု အကူအညီတွေဟာ အကောင်အထည်ပေါ်မှာ မဟုတ်ပါဘူး။ အရပ်သားအစိုးရတစ်ရပ် နိုင်ငံမှာ ပေါ်ထွန်းစေရေးရယ်၊ စီးပွားရေး ခိုင်မာတောင့်တင်းစေရေးရယ် ဖြစ်ပေါ်ဖို့ရာ စိတ်ရှည်အချိန်ယူတဲ့ ပြုပြင်ပြောင်းလဲရေးလမ်းစဉ်တစ်ရပ် ချမှတ်နိုင်ရပါမယ်။

၆။ မြန်မာနိုင်ငံ အကူအညီပေးရေးအဖွဲ့ (Myanmar Aid Group) ကို ပြန်လည်ဖွဲ့စည်းပါ။ ငွေကြေးလဲလှယ်နှုန်း စံတစ်ခုတည်းဖြစ်ပေါ်ရေးနဲ့ ပုဂ္ဂလိကပိုင် ပြောင်းလဲရေးတွေ အပါအဝင် အခြေခံကျတဲ့ ပြုပြင်ပြောင်းလဲရေးတွေအတွက် ငွေကြေးထောက်ကူမှုပြုပါ။
၇။ ဥရောပနဲ့အာရှ တက္ကသိုလ်ကြီးများသို့ ပညာဆည်းပူးလေ့လာနိုင်ခွင့်တွေ ပြဋ္ဌာန်းပေးပြီး စီးပွားရေးနှင့်သက်ဆိုင်တဲ့ ဝန်ကြီးဌာနများ၊ လက်အောက်ခံ အဖွဲ့အစည်းများကို အရည်အသွေး မြှင့်တင်ပေးနိုင်ဖို့ နည်းပညာနဲ့ ငွေကြေးအကူအညီတွေပေးပါ။
၈။ အငယ်စား စိုက်ပျိုးရေးလုပ်ငန်းတွေ၊ အခြေခံပညာရေးနဲ့ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒပိုင်းဆိုင်ရာ တိုက်ရိုက်ဆွေးနွေးညှိနှိုင်းမှုတွေ အစပျိုးလုပ်ဆောင်ပါ။ ပိုမိုလွတ်လပ်ပြီး ပိုမိုကောင်းမွန်တဲ့ဘဝတွေရရှိဖို့ မြန်မာပြည်သူလူထုတွေရဲ့ မျှော်လင့်ချက်ကို အားသစ်လောင်းပြီး ထိရောက်စွာ ကူညီနိုင်ဖို့ရာ ဥရောပသမဂ္ဂမှာ အခွင့်အလမ်းကောင်း တစ်ခုတည်းရှိနေပါတယ်”လို့ အပြုသဘော ဆောင်တဲ့ အကြံပေးစာတမ်းကို တင်ပြသွားခဲ့ပါတယ်။

၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် ဟော်လန်နိုင်ငံမှာ “အာရှနဲ့အီးယူ” စီးပွားရေးဝန်ကြီးများ ဆွေးနွေးရန်ရှိသော်လည်း မြန်မာ့စီးပွားရေးဝန်ကြီးကို အီးယူက ပြည်ဝင်ခွင့်ဗီဇာ ထုတ်မပေးတာကြောင့် အာဆီယံနိုင်ငံတွေက ဝန်ကြီးအဆင့် မတက်ရောက်တော့ဘဲ အဆင့်လျှော့ချပြီး တက်ရောက်စေခဲ့ပါတယ်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးက အီးယူကို အပြစ်တင်ဝေဖန်ပြောဆိုသကဲ့သို့ မလေးရှားဝန်ကြီးချုပ်ကလည်း အာဆီယံဟာအဖွဲ့ဝင်အားလုံးရဲ့ စုစည်းညီညွတ်မှုနဲ့ အချုပ်အခြာအာဏာပိုင်မှုကို ကာကွယ်ထားကြောင်း၊ ပဋိပက္ခပြဿနာများကို ငြိမ်းချမ်းတဲ့နည်းနဲ့ဖြေရှင်းရေး ဦးစားပေးကြကြောင်း ဝေဖန်ပြောကြားခဲ့ပါတယ်။ အာဆီယံရဲ့ သဘောထားအပေါ် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ပါကစ္စတန်နိုင်ငံတို့က ထောက်ခံခဲ့ကြပါတယ်။ ဒါဟာ မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင်းနိုင်ငံတွေ စည်းလုံးညီညွတ်မှုရှိနေကြောင်း ပြသလိုက်တာဖြစ်ပါတယ်။

သို့သော် ချက်သမ္မတဟောင်း ဟာဗဲလ်နဲ့ဘုန်းတော်ကြီး ဒက်စမွန်တူးတူး တို့က မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံးလို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေထက် ပိုဆိုးနေပြီး အာရှဒေသတွင်း နိုင်ငံများကိုပါ ကူးစက်ဒုက္ခပေးနိုင်တာမို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုပ်ကွပ်အရေး ယူပေးပါဆိုပြီး “ကယ်ပါယူပါ တစာစာနဲ့” ဟစ်အော်ကြွေးကြော်ကာ (မရောင်ရာဆီလူး) တင်ပြနေကြပါတယ်။ ပြည်တွင်းပြည်ပမှအစိုးရကို ဆန့်ကျင်နေသူတွေကလည်း အတိုင်အဖောက်ညီညီနဲ့ ဝိုင်းဝန်းထောက်ခံခဲ့ကြတယ်။ ၎င်းတို့စွပ်စွဲတဲ့ အချက်တွေကလည်း ပြည်တွင်း၊ ပြည်ပမှ အစိုးရကိုဆန့်ကျင်နေသူတွေနဲ့ မြန်မာနိုင်ငံကို မိမိတို့ရဲ့ ရုပ်သေးအစိုးရထူထောင်ပြီး ဩဇာလွှမ်းမိုးချုပ်ကိုင်ထားလိုတဲ့ အနောက်နိုင်ငံကြီးတွေ ပြောနေကျစကား (ဓာတ်ပြားဟောင်းကြီး)အတိုင်း အကျဉ်းသားပြဿနာ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ပြဿနာ၊ မူးယစ်ဆေးဝါးနဲ့ AIDS ပြဿနာ၊ ဒုက္ခသည်များပြဿနာနဲ့ လူမျိုးစုလက်နက်ကိုင် အကြွင်းအကျန်တွေရဲ့ ပြဿနာတွေကို ပုံကြီးချဲ့ပြီး ရှေ့တန်းတင် ပြောဆိုတင်ပြနေပါတယ်။ ၎င်းတို့ရဲ့ တင်ပြချက်မှာ ညီညွတ်ရေး၊ အပြန်အလှန်နားလည်မှုရှိရေး၊ အမျိုးသားသင့်မြတ်ရေး ဦးတည်ချက်များမပါဘဲ ပဋိပက္ခတွေကိုသာ ပိုမိုကြီးထွားလာစေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအကြောင်းကို ဆယ်စုနှစ် ၃–၄ စုမက စနစ်တကျ၊ လက်တွေ့ကျကျ၊ ယထာ ဘူတကျကျ လေ့လာထားကြတဲ့ ဒေးဗစ်စတိုင်းဘတ်၊ ရောဘတ်တေလာစတဲ့ နိုင်ငံရေးဘောဂဗေဒပညာရှင်များရဲ့ အပြုသဘော တင်ပြပုံဟာ အဖြစ်မှန်အတိုင်း သဘာဝကျပြီး ကောင်းကျိုးဖြစ်စေလိုတဲ့ စေတနာစကားဖြစ်ပါတယ်။ ချက်သမ္မတဟောင်း ဟာဗဲလ်နဲ့၊ ဘုန်းတော်ကြီး ဒက်စမွန်တူးတူးတို့ရဲ့ တင်ပြပုံဟာ ပြည်တွင်းပြည်ပမှ အစိုးရဆန့်ကျင်သူတွေရဲ့ အဖျက်သဘော အာဘော်သာဖြစ်ပြီး သဘာဝမကျဘဲ ဆိုးကျိုးကိုသာ ဖြစ်စေလိုတဲ့ ဝေဒနာစကားသာဖြစ်ကြောင်း ကောက်ချက်ချတင်ပြလိုက်ရပါတယ်။ ။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား NHK သတင်းဌာန ဗန်ကောက်ဗျူရိုမှ သတင်းထောက်ချုပ် တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော Japan Broadcasting Corporation, NHK Bangkok Bureau မှ Chief Correspondent Ms. Miki Ebara သည် ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော Japan Broadcasting Corporation, NHK Bangkok Bureau မှ Chief Correspondent Ms. Miki Ebara လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်၊ တိုင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

ဇလွန်မြို့ မြို့မဓမ္မာရုံ ပရိယတ္တိစာသင်တိုက်အတွက် ဒုတိယအကြိမ် ဆွမ်းပဒေသာပင် လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၄

ဇလွန်မြို့ မြို့မဓမ္မာရုံ ပရိယတ္တိစာသင်တိုက် သံဃာတော်အပါး ၁၀၀ အတွက် ဒုတိယအကြိမ် ဆွမ်းပဒေသာပင်အဖြစ် ဦးတင်အောင်၊ ဦးမျိုးခင်တို့က အလှူငွေကျပ် ၁၁၀၀၀၀၊ ဒေါ်တင်တင်ထွေး(အင်းစိန်)က အလှူငွေ ကျပ် ၅၀၀၀၀၊ ရွှေနိုင်ငံဂျာနယ် စာတည်းမှူးချုပ် ဦးမောင်မောင်စန်းနှင့် အဖွဲ့က အလှူငွေကျပ် ၁၇၅၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ ဒေါ်ဌေးဌေးမြင့်က အလှူငွေကျပ် ၅၀၀၀ စုစုပေါင်းအလှူငွေကျပ် ၁၈၂၅၀၀ကို အောက်တိုဘာ ၁၃ရက်တွင် ဇလွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှခိုင်မှ တစ်ဆင့် ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

စက်မှုလက်မှုသိပ္ပံ (ချောက်) ကထိန်သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၄

စက်မှုလက်မှုသိပ္ပံ (ချောက်မြို့) ကျောင်းဆင်း အင်ဂျင်နီယာများ၏ (၁၈)ကြိမ်မြောက် ကထိန်သင်္ကန်း ကပ်လှူပွဲကို အောက်တိုဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း (၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာဃရ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို ကိုအုန်းမြင့် (83MP) ဖုန်း-၀၉-၅၀၀၁၀၆၆၊ ကိုအောင်မြင့်သိန်း (85MT) ဖုန်း-၀၉၅၁၄၃၈၀၆၊ ကိုမင်းသန်းဌေး (93MP)ဖုန်း-၀၉၉၉၂၃၆၄၀၊ ကိုအောင်မြ (93EP) ဖုန်း-၀၉၈၀၂၄၁၁၂၊ ကိုမျိုးအောင် (95MP) ဖုန်း-၀၉၅၁၄၂၇၂၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေ မန်နေဂျာများနှင့် အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းလုပ်ငန်းဌာနတာဝန်ခံများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ခတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ရက်က အမှတ် (၄၃) ရပ်ကွက် ပညာဗိမာန်စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ရန်မျိုးအောင်စေတီတော် ဆီမီး၊ ပန်း၊ နံ့သာ ကပ်လှူပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြ စီမံကိန်းရပ်ကွက် ဆုတောင်းပြည့် ရန်မျိုးအောင် စေတီတော်မြတ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း (ရော)နှင့် ဂေါပကအဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဆီမီး၊ ပန်း၊ နံ့သာ၊ သောက်တော် ရေချမ်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို အောက်တိုဘာ ၁၆ရက်တွင် ကျင်းပမည်ဖြစ်ရာ သာသနာပြုဆရာတော် အရှင်ပညာဗလ အမှူးပြု၍ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဆီမီး ၁၀၀၀ပူဇော်မည်ဖြစ်ရာ သီတင်းကျွတ်လပြည့်နေ့ည ၆နာရီခွဲတွင် စေတီတော် ဩဝါဒါစရိယ နယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ဝိရိယအား အမှူးထားပြီး ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဆီမီး ၃၀၀၀၊ ပန်း ပေါင်းစုံ ၃၀၀၀၊ နံ့သာတိုင် ၃၀၀၀ နှင့် သောက်တော် ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ရက် အောက်တိုဘာ ၁၈ရက်တွင် မြသိန်းတန်အောင် ဓမ္မာရုံ ဥပါသကာ ဝတ်အဖွဲ့နှင့် လက်ပံတန်းမြို့နယ် ဝတ်အဖွဲ့မှ စေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၊ ပန်း ပေါင်းစုံ ၁၀၀၀၊ ရေချမ်းတော်များဖြင့် လှူဒါန်းပူဇော်မည် ဖြစ်သည်။ (၅၀၆)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံ ကံ့ကော် (၃)လမ်းမှ သား ထူးအောင်လွင် မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးတင်ထွန်း-ဒေါ်ခင်ချိုချို ဝင်း (ချမ်းသာကြီးပွဲရုံ)က ငွေကျပ် ၁၁၁၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ် အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တော်ဝိစံပြကျေးရွာ စုပေါင်းဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ဝေဇယန္တာ ဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ ကျေးရွာသူကျေးရွာသားများ စုပေါင်းပြီး ဝေဇယန္တာ ဓမ္မရိပ်သာ ကျောင်းတိုက် ဆရာတော် ဦးကောသလ္လ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များအား ဘုံကထိန်သင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲနှင့် စာရေးတံမဲလှူဒါန်းပွဲကို အောက်တိုဘာ ၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါ ဓမ္မရိပ်သာ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် တက်ရောက်ကြည်ညိုလှူဒါန်းနိုင်ရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

သီတင်းကျွတ် အထူးအစီအစဉ် နည်းပညာပြပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

Lucky Bird Computer Sales & Service Centre မှ Computer နှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ရောင်းချလျက်ရှိရာ သီတင်းကျွတ်ပွဲတော် အထူးအစီအစဉ်အဖြစ် အောက်တိုဘာ ၁၂ ရက် မှ ၃၁ ရက်အထိ နောက်ဆုံးပေါ် နည်းပညာသုံး ကွန်ပျူတာအသစ်များနှင့် နည်းပညာများအား အရောင်းခန်းမများတည်ရှိရာ အမှတ်(၃၅၅)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နှင့် အခန်းအမှတ် (၃၈)၊ တတိယထပ်၊ ရတနာပုံဈေး၊ မန္တလေးမြို့တို့တွင် ခင်းကျင်းပြသလျက်ရှိရာ အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်းနှင့် ပြပွဲကျင်းပသည့်ရက်အတွင်း Computer နှင့် ဆက်စပ်ပစ္စည်းများအား ငါးရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းလျှော့ကာ ဝန်ဆောင်မှုအာမခံစနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (က-ပ)

လှူဒါန်း

ရန်ကုန်မြို့ သာကေတမြို့နယ် (၆)ရပ်ကွက် ဝေဇယန္တာအနောက် (၁၃) လမ်းနေ ဒေါ်ပန်းငွေက သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

*** ရှေ့ဖုံးမှ**

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အနုသုခုမပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု နားသောတဆင်အားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက် အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆို အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် အရေးပြိုင်ပွဲတွင် “ပန်းပျိုးသောလက်များ” ခေါင်းစဉ်ဖြင့် သီချင်းစာသားရေး၍ တေးသွားထည့်ကြစဉ်။ (သတင်းစဉ်)

ဓမ္မပူဇာတေး

ရှေးဦးစွာ အဆင့်မြင့် ပညာအဆင့် (အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲကို ကျင်းပရာ ရွှေတိုင်ညွန့် ရေးစပ်သီကုံးပြီး တေးသံရှင် ဒေါ်ကြည်အောင် သီဆိုခဲ့သည့် **“သာသနာ့အမွေ”** သီချင်းဖြင့် ကယားပြည်နယ်မှ မထက်ထက်မွန်၊ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်၊ ကရင်ပြည်နယ်မှ မစန္ဒာကြည်၊ မန္တလေးတိုင်းမှ မသန္တာနွေး(ခ) ခင်သန္တာနွယ်၊ ရှမ်းပြည်နယ်မှ မဇာနည်ပြုံး၊ ရန်ကုန်တိုင်းမှ မမာမာအေး၊ ဧရာဝတီတိုင်းမှ မသဲမြတ်စိုး၊ တနင်္သာရီတိုင်းမှ မခိုင်နီလင်း၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်း၊ မွန်ပြည်နယ်မှ မဝင်းဝင်းအေး၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ စစ်ကိုင်းတိုင်းမှ မစိန်ရွှေမြနှင့် ပဲခူးတိုင်းမှ မခင်သူသူဝင်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁နာရီ ၂၅မိနစ်တွင် အဆိုပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ရဲသီဟကိုတင်အောင် ရေးစပ်သီကုံးပြီး တေးသံရှင်ကိုခင်မောင်ချို သီဆိုခဲ့သည့် **“ကျွန်တော့်ရည်မှန်းချက်”** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်၊ တနင်္သာရီတိုင်းမှ မောင်ညီညီစိုး၊ ပဲခူးတိုင်းမှ မောင်အေးမင်းပိုင်၊ ရှမ်းပြည်နယ်မှ စိုင်းကောင်စစ်၊ စစ်ကိုင်းတိုင်းမှ မောင်ဇင်ကိုကိုအောင်၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ မကွေးတိုင်းမှ မောင်အံ့ညြ၊ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ ကရင်ပြည်နယ်မှ မောင်ရဲလင်းထိုက်၊ မန္တလေးတိုင်းမှ မောင်ရှိန်းထက်အောင်၊ ကချင်ပြည်နယ်မှ မောင်သန့်ဇင်ထက်နှင့် ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ ဒုတိယနေ့ အစီအစဉ်များကို ညနေ ၃နာရီတွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ်(အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲတို့ကို အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အကပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီမှ စတင်၍ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(အမျိုးသမီး) အကပြိုင်ပွဲ၌ ရှမ်းပြည်နယ်မှ မနော်ရတနာစစ်၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ နန်းသန္တာဝင်း၊ မွန်ပြည်နယ်မှ မမွန်မွန်ချမ်း၊ ပဲခူးတိုင်းမှ မခင်မြတ်သူဇာအောင်၊ ရခိုင်ပြည်နယ်မှ မမြတ်ယဉ်မွန်၊ မန္တလေးတိုင်းမှ မသက်ထားဇင်၊ ရန်ကုန်တိုင်းမှ မစမ်းစမ်းမော်(ခ) နှင်းအေးလှိုင်၊ စစ်ကိုင်းတိုင်းမှ မအိမွန်ကျော်၊ ရန်ကုန်တိုင်းမှ မတင်မိုးဝါ၊ ဧရာဝတီ တိုင်းမှ မစုနန္ဒာ၊ မန္တလေးတိုင်းမှ မထက်ထက်လင်းနှင့် မကွေးတိုင်းမှ မအေးအေးသီတို့ ပါဝင်ကပြ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို နံနက် ၁၀နာရီမိနစ် ၄၀တွင် ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ကျော်ထွန်းမင်း၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းဌေးပိုင်၊ မန္တလေးတိုင်းမှ မောင်ဟိန်းထက်ကျော်စွာ၊ ကရင်ပြည်နယ်မှ စောအောင်ကျော်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြၤန်၊ ပဲခူးတိုင်းမှ မောင်ချစ်မင်းသူ၊ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်၊ တနင်္သာရီတိုင်းမှ မောင်ဝင်းဇော်ထွန်း၊ ကချင်ပြည်နယ်မှ မောင်စိုးလင်းအောင်၊ ရှမ်းပြည်နယ်မှ မောင်ပြည်သိမ်းကျော်၊ ချင်းပြည်နယ်မှ မောင်တလွန်ထဘွေး၊ မကွေးတိုင်းမှ မောင်ဝေယံလင်း၊ ရခိုင်ပြည်နယ်မှ မောင်နန္ဒဝင်း၊ ဧရာဝတီတိုင်းမှ မောင်မင်းဆန်းလင်းနှင့် မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်(ခ)ဖြိုးဖြိုးတို့ ပါဝင်ကပြ ပြိုင်ပွဲဝင်ကြပြီး အကပြိုင်ပွဲ အစီအစဉ်များကို မွန်းလွဲ ၂နာရီခွဲတွင် ရပ်နားလိုက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)အကပြိုင်ပွဲတို့ကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

အရေးပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို ပန်တျာကျောင်း၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(အမျိုးသား-အမျိုးသမီး) အရေးပြိုင်ပွဲတွင် **“ပန်းပျိုးသော လက်များ”** သီချင်းခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှဒေါ်မြဝင်းကြည်၊ ကယားပြည်နယ်မှ ဦးကြည်စိုး၊ ကရင်ပြည်နယ်မှ ဦးလှထွန်း၊ ချင်းပြည်နယ်မှ မောင်ချစ်ကိုဝင်း(ခ) ကျော်သူအောင်၊ မွန်ပြည်နယ်မှ ဦးမြင့်ခိုင်လတ်၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ ရှမ်းပြည်နယ်မှ ဒေါ်မူမူဆွေ၊ စစ်ကိုင်းတိုင်းမှ ဦးသောင်းတန်၊ တနင်္သာရီတိုင်းမှ ဦးသန်းကျော်၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မကွေးတိုင်းမှ ရေနံ့သာကျော်ညွန့်၊ မန္တလေးတိုင်းမှ ဒေါ်ယဉ်မျိုးသန့်နှင့် ဦးကောင်းထက်ကျော်၊ ရန်ကုန်တိုင်းမှ ဦးစိုးနှင့် ဒေါ်ခင်ဝင်းဆွေ၊ ဧရာဝတီတိုင်းမှ ဦးယဉ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အရေးပြိုင်ပွဲတွင် **“မြတ်ပညာ”** သီချင်းခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မစံပယ်ဦး၊ မွန်ပြည်နယ်မှ မသင်းနုနုထက်၊ ရခိုင်ပြည်နယ်မှ မခင်စန္ဒာမြင့်၊ ရှမ်းပြည်နယ်မှ မောင်သူစိုးမော်၊ စစ်ကိုင်းတိုင်းမှ မောင်ချမ်းမင်း၊ တနင်္သာရီတိုင်းမှ မောင်သန့်အောင်ဖြိုး၊ ပဲခူးတိုင်းမှ မသင်းသင်းဟန်၊ မကွေးတိုင်းမှ မမေသိမ့်ကျော်၊ မန္တလေးတိုင်းမှ မပြည့်ပြည့်ဟန်နှင့် မသီတာ၊ ရန်ကုန်တိုင်းမှ မမေရတနာနှင့် မပိုးအိကြည်သူဆန်း၊ ဧရာဝတီတိုင်းမှ မောင်ကျော်ခိုင်ထက်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ ကျင်းပသည့် အရေးပြိုင်ပွဲများကို အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကလေး ဦးတင့်အောင်နှင့် အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်ပေးကြသည်။

အောက်တိုဘာ ၁၅ ရက်တွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် နှင့် အဆင့်မြင့်ပညာအဆင့်တို့၏ သီချင်းစာသားရေး၊ တေးသွားထည့် အရေးပြိုင်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယှဉ်ပြိုင်

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝါသနာရှင်အဆင့် (အမျိုးသား) တယော အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ် ပြိုင် စဉ်။ (သတင်းစဉ်)

အမျိုးသားဆိုင်း

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၌ တနင်္သာရီတိုင်းမှ မောင်ခင်မောင်ထွန်း(ခ) ဉာဏ်လင်းအောင်၊ မကွေးတိုင်းမှ မောင်ခင်မောင်ချစ်၊ ရန်ကုန်တိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ဦး၊ မန္တလေးတိုင်းမှ မောင်ဝဏ္ဏထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်ကုဋေမင်းလွင်၊ ဧရာဝတီတိုင်းမှ မောင်ကျော်ထက်၊ ကယားပြည်နယ်မှ မောင်ဝေယံထွန်း၊ ရန်ကုန်တိုင်းမှ မောင်ထက်အာကာ၊ ချင်းပြည်နယ်မှ မောင်နိုင်ဇာလင်း၊ ပဲခူးတိုင်းမှ မောင်စိုးသီဟနှင့် မန္တလေးတိုင်းမှ မောင်သိန်းဇော်တို့က **“မြို့နန်း(ကြီး)”**ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နံနက်ပိုင်းတွင် ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ငြိမ်းမင်းသက်(ခ) သားစိန်သောင်း၊ မန္တလေးတိုင်းမှ မောင်သန်းဇော်၊ မကွေးတိုင်းမှ မောင်ရဲရင့်သူ(ခ) မောင်ဝေယံဦး၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်၊ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်၊ ပဲခူးတိုင်းမှ မောင်ကိုကိုချစ်၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်နှင့် ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်တို့က **“သီတာ၊ သီတာမြသား(ကြီး)”** ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသော ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲများကို ဦးစိန်လှမြိုင် ခေါင်းဆောင်သော ဆိုင်းအတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် ပဒုမ္မာဇာတ်ရုံ၌ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အတီးပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(အမျိုးသား)တယောပြိုင်ပွဲ၌ **“သိင်္ဂါရွှေရောင် (ပတ်ပျိုး)”** ဖြင့် ချင်းပြည်နယ်မှ ဦးစိုးမိုးအောင်၊ မွန်ပြည်နယ်မှ ဦးကျော်ရှင်းနိုင်၊ ရန်ကုန်တိုင်းမှ ဦးတင်ရှိန်၊ ဧရာဝတီတိုင်းမှ ဦးတင်စိုး၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်လှ၊ မန္တလေးတိုင်းမှ ဦးညွန့်ဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးသိန်းကျော်၊ ကရင်ပြည်နယ်မှ ဦးကိုဆောင်း၊ မန္တလေးတိုင်းမှ ဦးအေး၊ ပဲခူးတိုင်းမှ မောင်မောင်ဝင်းအာကာအောင်၊ ကယားပြည်နယ်မှ ဦးရွှေသန်းနှင့် ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်းတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့်(အမျိုးသမီး)တယောပြိုင်ပွဲ၌ **“ပြည်ပြည်မင်းပေါင်း (သီချင်းခန့်)”** ဖြင့် မွန်ပြည်နယ်မှ မသိမ့်သဇင်အောင်နှင့် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းတို့က ပါဝင်ပြိုင်ပွဲဝင်ကြသည်။

တယောပြိုင်ပွဲ

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ်(အမျိုးသား) တယောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **“အာကာတစ်ခို (ပတ်ပျိုး)”**ဖြင့် ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ မွန်ပြည်နယ်မှ မောင်သန်းထိုက်အောင်၊ ရန်ကုန်တိုင်းမှ မောင်မင်းသုခနှင့် ရှမ်း

ဝါသနာရှင်အဆင့်(အမျိုးသမီး မစုနန္ဒာ ပြိုင်ပွဲဝင်စဉ်။

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ပန်တျာကျောင်း)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အက/ဇာတ်သဘင်	အရေး	အတီး	အတီး
၃။	၁၅-၁၀-၂၀၀၅ (စနေနေ့)	**မဟာဂီတ (နံနက်)** (၁) ပညာရှင် (ကျား) **မဟာဂီတ (နေ့လယ်)** (၂) အခြေခံ(၁၅-၂၀) (မ)	**အမျိုးသားအက(နံနက်)** (၁) ဝါသနာရှင် **အမျိုးသမီးအက (နေ့လယ်)** (၂) အခြေခံ (၁၀-၁၅) ဝိဓူရဇာတ်တော်ကြီး (ညပိုင်း) ရန်ကုန်တိုင်း မောင်ဉာဏ်ဝင်းနှင့်အဖွဲ့	**သီချင်းစာသားရေး၊ တေးသွားထည့်** (၁) အခြေခံ (၁၅-၂၀) (၂) အဆင့်မြင့်	**ဒုံမင်း** (၁) ပညာရှင်(ကျား+မ)(နံနက်) (၂) အခြေခံ(၁၅-၂၀)(ကျား+မ) (နေ့လယ်) (၃) အခြေခံ(၁၀-၁၅)(ကျား+မ) (နေ့လယ်)	**ဆိုင်းအဖွဲ့လိုက်** (၁) အဆင့်မြင့်(ကျား) (နံနက်) (၂)ဝါသနာရှင်(ကျား)(နေ့လယ်)
၄။	၁၆-၁၀-၂၀၀၅ (တနင်္ဂနွေနေ့)	**ဓမ္မပူဇာတေး(နံနက်)** (၁) အခြေခံ (၁၀-၁၅) (မ) ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်) (၂) ပညာရှင် (ကျား)	**အမျိုးသားအက(နံနက်)** (၁) အဆင့်မြင့် အမျိုးသမီးအက (နေ့လယ်) (၂) အခြေခံ (၅-၁၀) ဝိဓူရဇာတ်တော်ကြီး(ညပိုင်း) မဲကျရာအမှတ်(၃)ဇာတ်အဖွဲ့	**အရေးပြိုင်ပွဲဝင်များသီချင်း** လေ့ကျင့်ခြင်း (၁) အခြေခံ (၅-၁၀) (နံနက်) (၂) ပညာရှင် (နေ့လယ်)	**ပတ္တလား** (၁) ဝါသနာရှင်(ကျား) (နံနက်) (၂) အခြေခံ(၁၀-၁၅)(မ)(နေ့လယ်)	**ဒိုးပတ်** (၁) ဝါသနာရှင်(နံနက်) (၂) အခြေခံ(၁၀-၁၅) (နေ့လယ်)

တို့က **"သီတာ၊ သီတာမြသား(ကြိုး)"** ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသော ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲများကို ဦးစိန်လှမြိုင် ခေါင်းဆောင်သော ဆိုင်းအတီး အကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် ပဒုမ္မာဇာတ်ရုံ၌ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အတီးပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(အမျိုးသား)တယောပြိုင်ပွဲ၌ **"သိင်္ဂါရွှေရောင် (ပတ်ပျိုး)"** ဖြင့် ချင်းပြည်နယ်မှ ဦးစိုးမိုးအောင်၊ မွန်ပြည်နယ်မှ ဦးကျော်ရှင်းနိုင်၊ ရန်ကုန်တိုင်းမှ ဦးတင်ရှိန်၊ ဧရာဝတီတိုင်းမှ ဦးတင်စိုး၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်လှ၊ မန္တလေးတိုင်းမှ ဦးညွန့်ဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးသိန်းကျော်၊ ကရင်ပြည်နယ်မှ ဦးကိုဆောင်း၊ မန္တလေးတိုင်းမှ ဦးအေး၊ ပဲခူးတိုင်းမှ မောင်မောင်ဝင်းအာကာအောင်၊ ကယားပြည်နယ်မှ ဦးရွှေသန်းနှင့် ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်းတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့်(အမျိုးသမီး)တယောပြိုင်ပွဲ၌ **"ပြည့်ပြည်မင်းပေါင်း (သီချင်းခန့်)"** ဖြင့် မွန်ပြည်နယ်မှ မသိမ့်သဇင်အောင်နှင့် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းတို့က ပါဝင်ပြိုင်ပွဲဝင်ကြသည်။

တယောပြိုင်ပွဲ

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်(အမျိုးသား) တယောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"အာကာတစ်ခို (ပတ်ပျိုး)"** ဖြင့် ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ မွန်ပြည်နယ်မှ မောင်သန်းထိုက်အောင်၊ ရန်ကုန်တိုင်းမှ မောင်မင်းသုခနှင့် ရှမ်းပြည်နယ်မှ မောင်ခွန်စံဖြိုးတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့်

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး) တယောပြိုင်ပွဲကို ကျင်းပရာ **"မိုးမင်းလွန်ကဲ(ကြိုး)"** ဖြင့် ရန်ကုန်တိုင်းမှ နော်အက်စတာအောင်မြင့်၊ ကယားပြည်နယ်မှ မနော်ဒိုနေထူး၊ ရှမ်းပြည်နယ်မှ မမျိုးမျိုးအောင်နှင့် ရန်ကုန်တိုင်းမှ နော်ရှုးရှုထူးတို့ ပါဝင်ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ယနေ့ကျင်းပသည့် အတီးပြိုင်ပွဲများကို အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဂီတလုလင် ဦးကိုကိုနှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး)၊ အခြေခံပညာ အဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား၊ အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲများနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား၊ အမျိုးသမီး)ဒုံမင်း အတီးပြိုင်ပွဲများကို ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်းကိုယ်စားပြု ပန်တျာအောင်ဖြိုးဟိန်း ဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်စဉ်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တာဝန်ရှိသူများ၊ ပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲ စတင်ကျင်းပ စစ်ကိုင်းတိုင်း ကိုယ်စားပြုဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

ရန်ကုန် အောက်တိုဘာ ၁၄

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စတင်ကျင်းပရာ စစ်ကိုင်းတိုင်းကိုယ်စားပြု ပန်တျာအောင်ဖြိုးဟိန်းဇာတ်အဖွဲ့က ပွဲဦးထွက် ယှဉ်ပြိုင်တင်ဆက်သည်။

ယှဉ်ပြိုင်တင်ဆက်ပွဲသို့ တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ သဘင်၊ ဂီတပညာရှင်ကြီးများ၊ ဇာတ်သဘင် အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညိုနှင့် အကဲဖြတ်အဖွဲ့ဝင်များ၊ အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်ပွဲတွင် ပန်တျာအောင်ဖြိုးဟိန်းက ဝိဓူရ အမတ်အဖြစ်လည်းကောင်း၊ ပန်တျာ မျိုးသူက ပုဏ္ဏက နတ်ဘီလူးအဖြစ်လည်းကောင်း၊ ဒေါ်ချယ်ရီမြင့်က ဝိဓူရကတော်အနော်ဇာအဖြစ် လည်းကောင်း၊ ဦးဇော်နိုင်က ကောရဗျမင်းအဖြစ်လည်းကောင်း၊ ဦးတင်ဝမ်းက ဝရုဏနဂါးမင်းအဖြစ် လည်းကောင်း၊ ဒေါ်မိုးဝါက ဝိမလာနဂါးဒေဝီအဖြစ် လည်းကောင်း၊ ဦးအိုးဝေက ဂဠုန်မင်းအဖြစ်လည်းကောင်း ဦးငွေ(မုံရွာ)ရေးသားသည့် ဇာတ်ညွှန်းကို မုံရွာမြင့်သူ ဆိုင်းအဖွဲ့နှင့် တွဲဖက်လျက် ဦးတည်ချက်နှင့် အနှစ်သာရပြည့်ဝစွာဖြင့် ဝိဓူရဇာတ်တော်ကြီးကို အနုပညာရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

အောက်တိုဘာ ၁၅ ရက် ည ၇ နာရီတွင် ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲ ဒုတိယနေ့အဖြစ် ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့က ကပြယှဉ်ပြိုင် တင်ဆက်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဆွမ်းသိမ်းအောင်ပွဲ ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဝါတွင်းဆွမ်းလောင်းလှူရေးအဖွဲ့မှ ဝါတွင်းအပတ်စဉ်(ဗုဒ္ဓဟူးနေ့)တိုင်း ပုဇွန်တောင်မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၃၀ မှ ဝါဆိုသံဃာအပါး ၇၀၀ကျော်တို့ကို လောင်းလှူခဲ့ကြပြီး ဖြစ်သည်။ (၁၇)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲအဖြစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၇ရက်) ညနေ ၄နာရီတွင် ရွာဦးကျောင်းသုံးကျောင်းမှ ဆရာတော်သံဃာတော် ၁၅ပါးတို့သည် ရပ်ကွက်အတွင်း လှည့်လည်မေတ္တာပွားကာ ဆွမ်းဆန်စိမ်းများ အလှူခံယူကြမည်ဖြစ်သည်။ ဆွမ်းသိမ်းအောင်ပွဲ ပထမအကြိမ် ဓမ္မသဘင်ကို ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်တွင် ဓမ္မစေတီဆရာတော်ဦးကောသလ္လသည် အောက်တိုဘာ ၂၆ရက်တွင်လည်းကောင်း၊ မရွှိမဂုဏ်ရည်ဆရာတော် ဦးကောဝိဒသည် အောက်တိုဘာ ၂၇ရက်တွင် လည်းကောင်း ညနေပိုင်းအချိန်များတွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ချီးမြှင့်တော်မူကြမည်ဖြစ်သည်။ (က–ပ)

ဝါသနာရှင်အဆင့်(အမျိုးသမီး) အကပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မစုနန္ဒာ ပြိုင်ပွဲဝင်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး သက်ကြီးပူဇော်

ရန်ကုန် အောက်တိုဘာ ၁၄

ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးဝန်ထမ်းများက ကြီးမှူးကျင်းပသော (၃၆)ကြိမ်မြောက် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမကြီးရှိ အဆိုပါရုံး စုဝေးခန်းမ၌ ကျင်းပရာ ဦးစီးအရာရှိ ဦးလှသိန်းက ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သက်ကြီးဝါကြီး ပုဂ္ဂိုလ်များအား ဝန်ထမ်းမိသားစုများက ကန်တော့ကြသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ဗုဒ္ဓဘာသာအသင်းနာယက ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးဘစိန်၊ နာယကများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တို့က သြဝါဒစကား ပြောကြားကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၁၀–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၁၅ ၆။ တေးဂီတအစီအစဉ်
- ၈း၃၀ ၇။ International News.
- ၈း၄၅ ၈။ Grammar Made Easy.
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း–၄၆)**
- ၁း၀၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁း၂၀ ၈။ **"စိန်ခြယ်ဖြာရောင်လင်း"** (သုမောင်၊ ရူပ၊ ဖိုးသောကြာ၊ မေသဉ္ဇာဦး၊ ခင်ပြည့်စုံ) (ဒါရိုက်တာ–သုမောင်)
- ၂း၂၀ ၉။ "အမြင်သစ်အသွင်သစ် တို့ကျေးရွာ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ မတ်လန်းကျေးရွာ"
- ၂း၃၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂း၃၅ ၁၁။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) ဒါရိုက်တာ–စောစန္ဒာလှိုင်**
- ၂း၄၅ ၁၂။ International News.
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)**
- ၅း၁၅ ၆။ အကပြိုင်ပွဲ
- ၅း၂၅ ၇။ နားဝင်ပီယံသူ့လက်သံ
- ၅း၃၀ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ မြန်မာစာမြန်မာစကား
- ၆း၀၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၂၀ ၁၁။ တေးဂီတအစီအစဉ်
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း–၁၅)**
- ၇း၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၇း၄၅ ၁၆။ ဝင်ငွေရဖို့သေချာ ရေထဲကရတနာ (အပိုင်း–၁)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း–၁၆)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဖွင့်လှစ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ခရိုင်နှင့် မြို့နယ်များ၌ မိခင်နှင့်ကလေးတို့၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုမြင့်မားစေရေးနှင့် ပြည်သူလူထုအတွင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဒေါ်မူမူညိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လက်ခံရယူ

ယင်းနောက် သင်တန်းအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များက အလှူငွေကျပ် ၁၀ သိန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များက ငွေကျပ် ၁၁ သိန်းနှင့် (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)က ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံရယူသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရာသက်ပန်အသင်းဝင် အဆိုပြုလွှာစောင်ရေ ၁၀၀၀ ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လေးဒေါင့်ကန် စံပြကျေးရွာနှင့် ရှမ်းတဲကြီးအောက်ကျေးရွာတို့၌ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့၏ စီစဉ်မှုဖြင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ကျေးရွာအဆင့် ပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး မျိုးဆက်ပွားကျန်းမာရေးသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်စံပြကျေးရွာ၌ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ စီစဉ်မှုဖြင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ကျေးရွာအဆင့် ပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို လိုက်လံကြည့်ရှုပြီး မျိုးဆက်ပွားကျန်းမာရေး သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မိုးကောင်းကျောင်းတိုက် တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် မိုးကောင်းကျောင်းတိုက်၌ အောက်တိုဘာ ၁၉ ရက်မှ ၂၈ ရက်အထိ (၅၁)ကြိမ်မြောက် မိုးကုတ်တရားစခန်းပွဲကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ အောက်တိုဘာ ၁၈ ရက် (အင်္ဂါနေ့) ညနေ အရောက်လာကြရမည်ဟု သိရသည်။ (က-ပ)

သိမ်ကြီးဈေး အေရုံ၊ ဘီရုံ နှစ်တစ်ရာပြည့်အကြို ဆွမ်းသိမ်းအောင်ပွဲ အထိမ်းအမှတ် နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲကို အောက်တိုဘာ ၁၂ ရက်က ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်ကျောင်းရှိ မဟာသိမ်တော်ကျောင်း၌ကျင်းပရာ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်စန်းက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၀၅ (စနေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၁၀ ချစ်စရာ ရွှေကျင်
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၇း၃၀ Myanmar Video Rhythm
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၉း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၀၅ တေးဂီတအစီအစဉ်း
- ၉း၁၀ ကာယဗလ လေ့ကျင့်နည်းစနစ်
- ၉း၃၀ မိုးလေဝသခန့်မှန်းချက်
- ၉း၃၅ တေးဂီတအစီအစဉ်
- ၉း၄၀ ပိုက်ဆက်အတတ်ပညာ အပိုင်း(၁)
- ၉း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၅၅ (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားအကြိုအားကစားအဖွဲ့ချုပ်များ၏ ပြင်ဆင်မှုများ (ရေကူး)
- ၁၀း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၀ အသည်းရောင် အသားဝါ(ဘီ)ရောဂါ အကြောင်း ဟောပြောချက် (အပိုင်း-၄)
- ၁၀း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ မြန်မာ့ခြင်းလုံး
- ၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

- ၅း၃၀ ပွဲကြိုသုံးသပ်ချက်
- **လိုင်း** 5-Cartoons(Live)
- ၆း၁၀ Wigan Vs Newcastle United
- **လိုင်း** 5-Cartoons(Live)
- ၈း၃၀ Liverpool Vs Balckburn
- **လိုင်း** 5-Cartoons(Live) Sunderland Vs Man;United
- **လိုင်း** 5-Movies(Live)
- ၁၀း၃၀ Chelsea Vs Bolton
- **လိုင်း** 5-Movies(SDD)
- ၁၀း၄၀ Mid;brough Vs Portstmouth
- **လိုင်း** 5-Cartoons(Live)
- ၁၁း၀၀ Final Score
- **လိုင်း** 5-Cartoons(Live)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ်၂၀၀၄ခုနှစ်၊သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင်တရားခံ ၂၁၀အားအနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှအများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည် ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ ဘရူဝါရီလီမိတက် ရွှေတံဆိပ်နှစ်ဆု တစ်ပြိုင်တည်း ရရှိခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာဘရူဝါရီ လီမိတက်က ဂျာမနီနိုင်ငံ၌ ကျင်းပသည့် The Brewing Industry International Awards (BI IA) ပြိုင်ပွဲ - ၂၀၀၅ တွင် ရွှေတံဆိပ်နှစ်ဆု တစ်ပြိုင်တည်း ရရှိခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

သတင်းစာရှင်းလင်းပွဲသို့ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာနယ်ဇင်းများမှ စာတည်းများနှင့် သတင်းထောက်များ၊ မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး၊ အထွေထွေမန်နေဂျာ မစ္စတာဒေးဗစ်တန်၊ ဒုတိယအထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (အငြိမ်းစား) နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖြေကြား

သတင်းစာရှင်းလင်းပွဲတွင် မြန်မာဘရူဝါရီ လီမိတက်မှ တာဝန်ရှိသူများက BIIA ပြိုင်ပွဲတွင် မြန်မာဘရူဝါရီလီမိတက်က ထုတ်လုပ်သည့် ပစ္စည်းများ ဆုရရှိခဲ့မှုနှင့် ဆုများကို ရှင်းလင်းပြသပြီး စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ဖြေကြားကြသည်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်က The Brewing Industry International Awards (BIIA) ပြိုင်ပွဲ ၂၀၀၅ တွင် ရွှေတံဆိပ်နှစ်ဆု တစ်ပြိုင်တည်း ရရှိခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ၌ မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ မစ္စတာဒေးဗစ်တန် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ဝင်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ စက်မှုပညာရှင်များ၊ စက်မှုဇုန်များမှ စက်မှုပညာရှင်နှင့် စက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့က အသုံးပြုလျက်ရှိသော စက်အရန်ပစ္စည်းအချို့ကို သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့တာဘိုင်များ၏ စက်အရန်ပစ္စည်းများ၊ ဗို့အားမြင့် ဓာတ်အားလိုင်းသုံးပစ္စည်းများ၊ ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းသုံးပစ္စည်းများ၊ ရေအားလျှပ်စစ်တာဘိုင်စက်များ၏ စက်အရန်ပစ္စည်းများ၊ ရေအားလျှပ်စစ် စီမံကိန်းသုံးစက်ယာဉ်ယန္တရားကြီးများ၏ စက်အရန်ပစ္စည်းများဟူ၍ ကဏ္ဍကြီး ငါးရပ် ခွဲခြားခင်းကျင်းပြသထားကြောင်း။

ရှင်းလင်းပြောကြား

တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများအနေဖြင့် ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာပြီး တီထွင်ကြံဆ ဝိုင်းဝန်းထုတ်လုပ်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများနှင့် တည်ဆောက်လုပ်ငန်းများတွင် အသုံးပြုနေသည့် စက်ယာဉ် ယန္တရားများအတွက် လိုအပ်သော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများအကြောင်းကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စက်မှုလုပ်ငန်းရှင်များကိုယ်စား လုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များသည် လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း၏ စက်အရန်ပစ္စည်းနှင့် စက်ပစ္စည်းအစိတ်အပိုင်း ၃၃၆မျိုး၊ ရေအား လျှပ်စစ်ဦးစီးဌာန၏ စက်အရန်ပစ္စည်းနှင့် စက်ပစ္စည်းအစိတ်အပိုင်း ၂၁၉မျိုးတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး စက်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာနနှင့် မွေး/ရေလုပ်ငန်းဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှ ဝယ်ယူတင်သွင်းရသည့် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် ထိုမှတစ်ဆင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ကြရေးကို လမ်းညွှန်ထားရာ ယင်းလမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သိပ္ပံပစ္စည်းစက်ရုံနှင့် တက္ကသိုလ်များပုံနှိပ်တိုက် ရှင်းလင်းဆောင်တို့၌ ကျင်းပသည်။

အမှာစကားပြောကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေး ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနတို့၏ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြသပွဲ အခမ်းအနားသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ဥက္ကဋ္ဌ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက ပြပွဲနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ယင်းနောက် သိပ္ပံပစ္စည်းစက်ရုံ–စက်ရုံမှူး ဦးခင်မောင်ညွှန့်က သိပ္ပံပစ္စည်းစက်ရုံနှင့် တက္ကသိုလ်များပုံနှိပ်တိုက်တို့၏ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်းရှိ စက်ကိရိယာများနှင့် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများကို Power Point၊ ဗီဒီယိုတို့ဖြင့် ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပညာရေးဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

မြန်မာ–အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၁)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ–အိန္ဒိယ နယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၁)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာ–အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၁)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးတက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V. K Duggal **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar K. Mitra နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ–အိန္ဒိယ နယ်စပ် နယ်ဘက် အာဏာပိုင်များ၏ (၁၁) ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H. E. Mr. V. K Duggal ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar K. Mitra နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၁)ရပ်ကွက် ၁၁လမ်းနေ ဒုတိယဗိုလ်မှူးကြီးမြင့်သူ (ငြိမ်း)–ဒေါ်ခင်နွဲ့သူ မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ အတွင်းရေးမှူး ဦးစန်းမြင့် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

သာကေတမြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မမင်းစုကြည် အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အုန်း ဆုချီးမြှင့်စဉ်။ (က–ပ)

စိုက်ပျိုးရေရရှိမှုပေါ်မူတည်၍ နွေစပါးစိုက်ပျိုးရေးကြိုတင်စီမံ ကြက်ဆူ၊ ချင်း၊ နနွင်း၊ ဆီးရိုင်း၊ အာလူးတို့ကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုး

ရန်ကုန် အောက်တိုဘာ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၁၃ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြည်နယ်နှင့် တိုင်းမန်နေဂျာများ၊ ရုံးချုပ်ရှိ ဌာနခွဲအသီးသီးမှ အရာထမ်းဝန်ထမ်းများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စပါးသည် နိုင်ငံတော်၏ အဓိကစားနပ်ရိက္ခာဖြစ်၍ စိုက်ပျိုးပြီးစပါးများ ရိတ်သိမ်းသည်အထိ ဖြစ်ထွန်း အောင်မြင်အောင် ဘက်စုံမှ ပံ့ပိုးဆောင်ရွက်ပေးကြရန် လိုကြောင်း၊ စိုက်ပျိုးရေရရှိမှု အပေါ်မူတည်၍ နွေစပါးစိုက်ပျိုးရေးကိုလည်း ယခုမှ စတင်ကာ ကြိုတင်ပြင်ဆင် စီမံထားကြရန် လိုကြောင်း၊ ယခုအခါ မုတ်သုံပြန်လည် ဆုတ်ခွာသွားပြီဖြစ်၍ စိုက်ပျိုးရေ ရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ပြင်ဆင်ဆောင်ရွက်ကြရန်အပြင် ဆည်ရေ စနစ်တကျ အသုံးပြုရေးကိုလည်း လုပ်ကိုင်နိုင်အောင် တောင်သူများအား သိရှိလိုက်နာစေရန်၊ နည်းပညာပေးကြရန်လိုကြောင်း၊ ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုရေး၊ သဘာဝမြေဩဇာ တိုးချဲ့အသုံးပြုရေး၊ ပြည်ပဈေးကွက်ဝင် သီးနှံရင်းနှီးမြှုပ်နှံမှု စရိတ်နည်းပါးပြီး ဝင်ငွေ ကောင်းရသည့် ကြက်ဆူ၊ ချင်း၊ နနွင်း၊ ဆီးရိုင်း၊ အာလူး စသည့် အမယ်သစ် (အမည်သစ်) များကို ဒေသအလိုက် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးကြစေ လိုကြောင်း၊ မျိုးကောင်းမျိုးသန့် အထွက်ကောင်း သီးနှံမျိုးများကို အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးကြရန် လိုအပ်ကြောင်းနှင့် သီးနှံစိုက်စွမ်းအား မြင့်မားလာသည်နှင့်အမျှ စက်မှုလယ်ယာ ကူးပြောင်း ဆောင်ရွက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ဖြင့် မှာကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ပြည်နယ်နှင့် တိုင်းမန်နေဂျာများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်ထားမှုများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၀၆)နှစ်ပြည့် ခေတ္တရာမြတ်စွယ်တော်ဖွင့်လှစ် အပူဇော်ခံပွဲနှင့် ပူးတွဲလျက် ၁၃၆၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက် (နိုဝင်ဘာ ၈ရက်)မှ တန်ဆောင်မုန်း လပြည့်ကျော် ၂ရက် (နိုဝင်ဘာ ၁၇ရက်) အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ဆိုင်ခန်းထပ်မံဖွင့်လိုသူများသည် ယခင်နှစ် ဈေးဆိုင်ခန်းဖြတ်ပိုင်းဟောင်းတင်ပြ၍ သတ်မှတ်သည့် ဆိုင်ခန်းခငွေကို သီတင်းကျွတ်လကွယ်နေ့ နောက်ဆုံးထား၍ ပေးသွင်းကြရန်ဖြစ်ကြောင်း သိရသည်။

ဆိုင်ခန်းအသစ်ဖွင့်လှစ်လိုသူများအတွက် တန်ဆောင်မုန်းလဆန်း ၁ရက်မှစ၍ ဆိုင်ခန်းနေရာများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

တိပိဋကကျောင်းတော်ကြီး ဆွမ်းပဒေသာပင်ရေစက်ချပွဲ

ရန်ကုန် အောက်တိုဘာ ၁၄

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော် မူခဲ့သော တိ=နိရန်ကုန်ဌာန၊ တိပိဋကကျောင်းတော်၊ အမှတ် (၁၂) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကောဒသမ (၁၁)ကြိမ်မြောက် ရာသက်ပန်ဆွမ်းပဒေသာပင် (၁၀၀၀)ပြည့် ရေစက်ချပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော်လည်း ၂၅-၂-၂၀၀၅ မှ ၁၃-၉-၂၀၀၅အထိ လှူဒါန်းထားသော ဆွမ်းပဒေသာပင်အလှူရှင်များသည် ရေစက်ချပွဲအခမ်းအနားသို့ ကြွရောက်နိုင်ပါကြောင်းနှင့် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ် (၂၀)ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၁၄

ဝါလကင်းလွတ်သော သီတင်းကျွတ်လ၏ ကြည်နူး ချမ်းမြေ့မှုနှင့်အတူ တစိမ့်စိမ့်အေးမြနေသော ဆောင်းရာသီ၏ အရုဏ်ဦးအချိန်၌ ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၅ရက်ထုတ် ဒို့ကျေးရွာဂျာနယ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

သတင်းစုံ

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ဗုဒ္ဓရှင်တော်ဖွားမြင်ရာဒေသ၌ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်မည်၊ ဆီမီးပူဇော် သီတင်းကျွတ်မီးထွန်းပွဲတော်၊ လက်ဖက်စိုက်ပျိုးခြင်း၊ ရန်ကုန်မြို့က နှစ် ၁၀၀ ပြည့်တဲ့ဈေး၊ မြန်မာ့ရိုးရာ အိုးလုပ်ငန်း၊ အုန်းမောင်း ကလတက်ခေါက်သည့် ဓလေ့၊ စိုက်၍စားပါ ဆလတ်အရသာ၊ အသံတုငှက်မင်းသား၊ ဆေးမျိုးစုံစွာ သံပရာ၊ လူစာမခက် နွားစာမခက်၊ ထိကရုံးပင်၊ လယ်စိုက်ယာစိုက်တေးများ၊ စက္ကူရုပ်ကလေးများက ပြောသော မြန်မာ့ယဉ်ကျေးမှု၊ ဆေးဖက်ဝင် ကြက်ဟင်းခါး၊ ကမ္ဘာ့မြောက်ဘက်ခြမ်းမှ မြန်မာနိုင်ငံသို့ ပျံသန်းလာသော ဆောင်းခိုငှက်များ စသည့် ဆောင်းပါးများအပြင် ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် ဖွယ်ဖွယ်ရာရာ သတင်းစုံစွာဖြင့် ဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်စာပေနှင့် မန္တလေးမြို့ရှိ ထွန်းဦးစာပေတို့၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် (၃၀-၃၂) ၁၀-လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၀၅ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါလ် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း) နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ပြိုင်ပွဲဝင်အသင်းများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ကျင်းပ

အခမ်းအနားတွင် ရှေးဦးစွာ ယမန်နှစ် ချန်ပီယံ အသင်းများဖြစ်သည့် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံကြသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင် အသင်းများက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ထို့နောက် ပထမနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ အသင်းပေါင်း ၁၄ သင်း ဝင်ရောက် ယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၁၉ ရက်အထိ ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)



၂၀၀၅ ခုနှစ် (၃၇)ကြိမ် မြောက် ပြည်နယ်နှင့် တိုင်း ကြက်တောင် ရိုက် ပြိုင်ပွဲ ဖွင့်ပွဲတွင် ပြိုင် ပွဲဝင် အားကစား သမားများ အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၄

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်တွင် နေရာအနှံ့အပြား ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

အောက်တိုဘာ ၁၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်း (အောက်ပိုင်း)နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း) နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဒဂုံ အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၄

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ၂၀၀၅ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယ ပူဇော်ပွဲကို နိုဝင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒဂုံ အထက (၁) ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဖုန်း-၀၉-၈၉-၂၂၀၁၀ နှင့် ၀၉-၈၉-၂၂၇၉၁ တို့သို့ ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းကြရန်နှင့် ပူးပေါင်းကူညီ ဆောင်ရွက်ကြရန် ဖြစ်မြောက်ရေးအဖွဲ့က မေတ္တာရပ်ခံနှိုးဆော်ထားသည်။ (က-ပ)

ချန်ပီယံရွှေဆိုင်းကို လုံးချောက စိန်ခေါ်

ရန်ကုန် အောက်တိုဘာ ၁၄

ဒုတိယအကြိမ် စီးတီးအက်(ဖ်)အမ် (City FM) အောင်လံဆု မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မွန်းလွဲ ၂ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်သည်။ ပထမအကြိမ် အောင်လံဆုကို အေးဘိုစိန် (လယ်/ဆည်)က ရရှိခဲ့သည်။ ယခု ဒုတိယအကြိမ် အောင်လံဆုကို မြန်မာတစ်နိုင်ငံလုံးရှိ နာမည်ကြီးရိုးရာလက်ဝှေ့သမားများကို ဖိတ်ခေါ်ထားသည်။

ယခုပွဲတွင် လက်ရှိချန်ပီယံ ရွှေဆိုင်း (မြိုင်ကြီးငူ) ကို လုံးချော (ညောင်တုန်း)က စိန်ခေါ်ထားသည်။ လုံးချောသည် ယခု စက်တင်ဘာ ၁၁ ရက်က ဂျပန်ပြည် နာဂါစကီမြို့တွင် ကျူးရှူးကျွန်း ကရာတေးချန်ပီယံ နာမူရာကို ပထမအချီနှင့် အလဲထိုး ယှဉ်ပြိုင်အနိုင်ရခဲ့သူဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည် ချန်ပီယံ ရွှေဆိုင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-သိန်းလှိုင်မင်း)

လက်ရှိချန်ပီယံကို စိန်ခေါ်သူ လက်ဝှေ့ကျော် လုံးချော (ညောင်တုန်း) ကို တွေ့ရစဉ်။
(ဓာတ်ပုံ-သိန်းလှိုင်မင်း)



ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန်ရည်စိတ်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်းကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနီယ ပွဲတော်ကြီးတွင်တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက်တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတရေ၊ သီတဂူကြယ်တပွင့်၊ အရှင်ပညာနန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့် တနင်္လာနေ့ (၁၇-၁၀-၂၀၀၅)
ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် အင်္ဂါနေ့ (၁၈-၁၀-၂၀၀၅)
ရွှေဘိုမြို့ပုခန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက(အဖွဲ့ဝင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက် ဗုဒ္ဓဟူးနေ့ (၁၉-၁၀-၂၀၀၅)
တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက် ကြာသပတေးနေ့ (၂၀-၁၀-၂၀၀၅)
မွန်ပြည်နယ်၊ မုဒုံမြို့၊ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တကောသလ္လ(မုဒုံဆရာတော်)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက် သောကြာနေ့ (၂၁-၁၀-၂၀၀၅)
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက် စနေနေ့ (၂၂-၁၀-၂၀၀၅)
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၆)ရက် တနင်္ဂနွေနေ့ (၂၃-၁၀-၂၀၀၅)
အနောက်ဂန့်ဂေါ် မုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက် တနင်္လာနေ့ (၂၄-၁၀-၂၀၀၅)
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph. D	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် အင်္ဂါနေ့ (၂၅-၁၀-၂၀၀၅)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှ (၂၅)ရက်နေ့ထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓာကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော် အပေါ်ဆုံးထပ်တိုးချဲ့ဆောက်လုပ်ရန်အတွက် အလှူရှင် မိခင်ကြီး ဒေါ်ခင်ရွှေအား အမှူးထား၍ ရွှေပြည်တန်သက်န်းတိုက် (ဦးသောင်း)-ဒေါ်ခင်ကြည်သားသမီး၊ မြေးတစ်စု၊ ကြားတောရအုတ်လမ်း ဗဟန်းမြို့နယ်မှ ငွေကျပ်ငါးသိန်းကို တိပိဋကဓမ္မရက္ခိတ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်တင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်းစိန် အထက(၁)မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဆုချီးမြှင့်ပွဲကို အထက(၁) ရောခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က ခြောက်ဘာသာဂုဏ်ထူးရှင် မရွှေမေကျော်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ဖြ၁)

ပြည်သူ့ထံမှ ပေးစာ

ဈေးရောင်းသူများ စနစ်တကျ ဖြစ်စေချင်

စာတည်းခင်ဗျား-

ကျွန်တော်တို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနှင့် မန္တလေးလမ်းထောင့် သိမ်ဖြူဈေး ဘေးချင်းကပ်ရှိ လက်ဖက်ရည်နှင့် မုန့်ဟင်းခါးဆိုင်သည် နေ့စဉ်ကကဲဆက်သံ ဆူညံလျက်ရှိပြီး ၎င်းဆိုင်မှ စားပွဲထိုးများသည် လူသွားစင်္ကြံပေါ်တွင် ပိတ်ဆို့နေပါသဖြင့် လမ်းသွားလမ်းလာများ သွားလာမှု အဆင်ပြေစေရန် စီစဉ်ပေးစေလိုပါသည်။

ရပ်ကွက်ပြည်သူတစ်ဦး

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ရေပေးဝေချိန် မှန်စေချင်

စာတည်းခင်ဗျား-

ဖျာပုံမြို့တွင် ရပ်ကွက်များသို့ ရေပေးဝေမှုမှာ ယခင်က တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်လျှင် မိနစ် ၃၀ သတ်မှတ်ထားသော်လည်း ယခုအခါ ရေပေးဝေမှုမှာ တစ်နေ့တစ်ကြိမ်နှင့် တစ်ကြိမ်လျှင် မိနစ် ၂၀သာ ပေးဝေနေသည့်အတွက် ရေပေးဝေချိန် တိုးမြှင့်ပေးပါရန်တင်ပြပါသည်။ **ဖျာပုံသား**

မထသ (၅၆)ယာဉ်များ တိုးချဲ့ပြေးဆွဲပေးစေလို

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)သည် လူနေထူထပ်ပြီး ပြေးဆွဲနေသည့် မထသ ခရီးသည်တင်ယာဉ်များနှင့် ခရီးသည် ဦးရေမှာ မမျှတ၍ ဝန်ထမ်းများ အချိန်မီ သွားလာရေးအတွက် အခက်ကြုံတွေ့နေရပါသည်။

သို့ပါ၍ တောင်ဒဂုံမှ ကျုံးကြီးလမ်းသို့ ပြေးဆွဲနေသည့် မထသ (၅၆) ခရီးသည်တင်ယာဉ်များအား ယာဉ်စီးရေ တိုးချဲ့ပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။

ဝန်ထမ်းတစ်ဦး

မြို့လယ်က နာရီစင် အချိန်မှန်အောင် ပြုပြင်

စာတည်းရှင်-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၆)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ နာရီစင်ကြီးမှာ လှပခံ့ညား၍ အဝေးမှပင် အချိန်နာရီကို ကြည့်ရှုသိမြင်နိုင်ပါသည်။

ယခုအခါ ၎င်းနာရီစင်ကြီးရှိ နာရီမှာ ပျက်နေပါ၍ ခရီးသွားအများပြည်သူတို့ နာရီအချိန်မှန်ကြည့်၍ မရပါသဖြင့် အမြန်ဆုံးပြုပြင် ပေးပါရန်တင်ပြလိုက်ရပါသည်။

ခရီးသည်တစ်ဦး

ကြက်ခြံမှ အနံ့ဆိုး မခံနိုင်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ပုသိမ်မြို့ ဆင်းသီရိ ရပ်ကွက်(၁)လမ်း ကြက်မွေးမြူရေးခြံနှစ်ခြံမှ ကြက်ချေးနံ့မှာ မခံမရပ်နိုင်အောင် နံစော်လျက်ရှိပါသည်။ ယင်းအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်နေပါ၍ သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

သန့်ရှင်းသာယာရေးဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ဒုစံပြရပ်ကွက် သုဇနလမ်းပေါ်တွင် ပျံကျဈေးသည်များ ဝင်ရောက် ရောင်းချလျက်ရှိရာ အမှိုက်သရိုက်များကို ရပ်ကွက်အတွင်း စွန့်ပစ်ခြင်း၊ လမ်းပိတ်ဆို့ရောင်းချခြင်းများ ပြုလုပ်နေကြပါ၍ သန့်ရှင်းသာယာအောင် ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။ **သုဇနသား**

အမှိုက်ပုံကြီး ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ကျွန်တော်တို့ နေထိုင်သော ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာရှေ့ (ပန်းလှိုင်လမ်းနှင့် ထီးတန်းလမ်းမထောင့်) တွင် အမှိုက်ပုံကြီး ရှိပါသည်။

၎င်းအမှိုက်ပုံမှ အနံ့ဆိုးများကြောင့် အနီးအနားရှိ နေထိုင်သူများအား ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ပါ၍ ပန်းလှိုင်အိမ်ရာရှေ့ရှိ အမှိုက်ပုံကို အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ပန်းလှိုင်သား

လမ်းဘေးဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့လယ် (၂၇)လမ်း (အထက်လမ်း)တွင် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ အကြော်ဆိုင် စသည်ဖြင့် ဈေးသည်မျိုးစုံ လမ်းဘေးတွင် ရောင်းချလျက်ရှိပါသည်။ ၎င်းလမ်းဘေး ဈေးသည်များကြောင့် ကားရပ်နားရန် အခက်အခဲများစွာဖြစ်ရပြီး လမ်း၏သာယာသန့်ရှင်းမှုကိုလည်း ထိခိုက်စေပါသည်။ သို့ပါ၍ လမ်းဘေးဈေးသည်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းစောင့်နတ်

အနေးယာဉ် ဆိုက်ကားများ စည်းကမ်းရှိစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ပေါ်ရှိ အနေးယာဉ် ဆိုက်ကားများသည် ညပိုင်းတွင် မီးမပါရှိခြင်း၊ ရောင်ပြန်ပြား ကပ်မထားခြင်းနှင့် အချို့က ယာဉ်ကြောပြောင်းပြန်သွားလာခြင်းများ ပြုလုပ်နေကြပါသည်။ ယင်းသို့ ပြုမူ ဆောင်ရွက်နေခြင်းကြောင့် ညပိုင်းယာဉ်မောင်းသူများအတွက် အခက်အခဲကြုံကြရသကဲ့သို့ ဆိုက်ကားစီးခရီးသည်များအတွက်လည်း အန္တရာယ်များလှပါသည်။ သို့ပါ၍ ဆိုက်ကားများ စည်းကမ်းတကျရှိစေရန် သက်ဆိုင်ရာက ထိန်းသိမ်းကြပ်မတ်ပေးပါရန် တင်ပြပါသည်။

ညယာဉ်မောင်းတစ်ဦး

ကြည့်ရှုလေ့လာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသပွဲအခမ်းအနားတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသည့် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ အသုံးပြုလျက်ရှိသော စက်ယာဉ်ယန္တရားများနှင့် စက်ကိရိယာများအတွက် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ဥက္ကဋ္ဌ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဆိုင်ရာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည်များ အပြိုင်အဆိုင်ဝယ်ယူ ရတနာအတွဲများ ယခင်ကထက် ပိုမိုရောင်းချရ

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့ လာရောက်၍ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုများကို ကြည့်ရှုအားပေးသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၃နာရီမှ ည ၁၂နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၇၂တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲ ၁၀၀ကို ရောင်းချခဲ့ရသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၈နာရီမှ ညနေ ၃နာရီအထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၆တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဆက်လက်ရောင်းချလျက်ရှိသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃နိုင်ငံမှ ရတနာကုန်သည် ၁၂၃၆ဦးနှင့် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၈၁၇ဦး စုစုပေါင်းရတနာကုန်သည် ၂၀၅၃ဦး တက်ရောက်၍ အပြိုင်အဆိုင် ဝယ်ယူလျက်ရှိသည်။

ယခုနှစ်လယ်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ခန့်မှန်းသည်ထက် နှစ်ဆကျော် ပိုမိုများပြားစွာ လာရောက်ဝယ်ယူကြသည့်အတွက် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယခင်ပြပွဲများထက် ပိုမိုရောင်းချရသည်။

(သတင်းစဉ်)

ဝယ်ယူ

၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲ စတုတ္ထနေ့ကို မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြစဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။